# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၈၉)


## အမျိုးသားညီလာခံ စုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ

# နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့နှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ကိုယ်စားလှယ်အသီးသီးက ဖတ်ကြားတင်ပြ




ရန်ကုန် ဒီဇင်ဘာ ၂၇

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့်အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့နှင့် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ကိုယ်စားလှယ်များက အသီးသီး ဖတ်ကြားတင်ပြကြသည်။

**တက်ရောက်**

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ *စာမျက်နှာ ၃ ကော်လံ ၁* ■



### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

### နေပြည်တော် သာယာ (၂၈-၁၂-၂၀၀၆)

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

# မြန်မာ–တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပိုမိုတိုးတက်ခိုင်မာ

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ဆက်ဆံရေးတိုးတက်ခိုင်မာပြီး နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှု ပိုမိုဖြစ်ထွန်းစေမည့် နှစ်(၅၀)မြောက် မြန်မာ–တရုတ် တွေ့ဆုံပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀နာရီက ယူနန်ပြည်နယ် မန်စီရင်ပြင်၌ ကျင်းပခဲ့သည်။

မြန်မာ–တရုတ် နှစ်နိုင်ငံတို့သည် ရှေးနှစ်ပေါင်းများစွာကပင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်အဖြစ် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ကြသည်။

၁၉၅၀ ပြည့်နှစ်တွင် မြန်မာ–တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို တရားဝင်ထူထောင် နိုင်ခဲ့သည့်အတွက် ယခုဆိုလျှင် (၅၆)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

၁၉၅၄ ခုနှစ် ဇွန်လတွင် တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာချူအင်လိုင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိခဲ့သည်။ ယင်းချစ်ကြည်ရေးခရီးစဉ်၌ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို နှစ်နိုင်ငံ ပူးတွဲကြေညာနိုင်ခဲ့သည်။

နှစ်ဖက်ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခြင်းမှသည် နှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်မှုများနှင့် နားလည်မှုများ၊ အကျိုးကျေးဇူးများ တိုးတက်ဖြစ်ထွန်းစေခဲ့သည်။

ပြီးခဲ့သည့် နှစ်နှစ်အတွင်း နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ပေါင်း ၃၀ကျော် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

နှစ်(၅၀)မြောက် မြန်မာ–တရုတ် တွေ့ဆုံပွဲတော်သည်ရှိရင်းစွဲ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာစေသည့်အပြင် ကဏ္ဍအသီးသီး၌ အကျိုးတူပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုများခိုင်မာတိုးတက် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ရိုင်းပင်းကူညီ

နေပြည်တော် ဒီဇင်ဘာ ၂၇

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးတွဲဖက်အတွင်းဝန် မစ္စတာအာခ်တာတူးဖေးလ်၏ ဖိတ်ကြားချက်အရ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် ယနေ့ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။**



ဒုတိယဝန်ကြီး ဦးကျော်သူသည် ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးလိုက်ပါလျက် ဒီဇင်ဘာ၂၁ရက် နံနက်ပိုင်းတွင် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန တွဲဖက်အတွင်းဝန် မစ္စတာ အာခ်တာတူးဖေးလ်နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယဝန်ကြီး၊ အတွင်းဝန်၊ တွဲဖက်အတွင်းအဆင့် ဒုတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့၍ နှစ်နိုင်ငံအကြားတည်ရှိသော ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုများ ခိုင်မာတိုးတက်စေရေး၊ စီးပွားရေး၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ခရီးသွားလုပ်ငန်း စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာ မျက်နှာစာတွင် အပြန်အလှန်ရိုင်းပင်း ကူညီရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တို့ကို ဆွေးနွေးကြသည်။

### နေ့လယ်စာစားပွဲတက်ရောက်

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး တွဲဖက်အတွင်းဝန် မစ္စတာ အာခ်တာတူးဖေးလ်က ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

### သွားရောက်တွေ့ဆုံ

ဒုတိယဝန်ကြီး ဦးကျော်သူသည် ညနေပိုင်းတွင် သံအမတ်ကြီး ဦးတင်ဦး လိုက်ပါလျက် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန State Minister for Foreign Affairs, H.E. Mr. Makhdum Khusro Bakhtyar အားလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အတွင်းဝန် H.E. Mr. Riaz Khan အား လည်းကောင်း ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်တွေ့ဆုံခဲ့သည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီး ဦးကျော်သူသည် ဒီဇင်ဘာ ၂၂ ရက်တွင် သံအမတ်ကြီး ဦးတင်ဦးလိုက်ပါလျက် အစ္စလာမ်မာဘတ်မြို့ရှိ Lok Virsa Museum၊ Shakerparian Garden၊ Daman-e -Koh View Point နှင့် Faisal Mosque တို့သို့လည်းကောင်း၊ ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရှေးဟောင်းဗုဒ္ဓယဉ်ကျေးမှုနယ်မြေဖြစ်သည့် တက္ကသီလသို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စည်သူနှင့် နိုင်ငံရေးရာဦးစီးဌာန တောင်နှင့်အနောက် အာရှဌာနမှ ဌာနစုမှူး(၁) ဒေါ်ချိုချိုစိုးတို့ ပြန်လည်လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

# ရောင်တော်ဖွင့်အသင်း ဓမ္မပူဇာတရားပွဲများ

ရန်ကုန် ဒီဇင်ဘာ ၂၇

(၅၆)နှစ်ပြည့် ဗိုလ်တထောင်စေတီတော် ရောင်တော်ဖွင့်အသင်း သတ္တမအကြိမ်မြောက် ဓမ္မပူဇာသဘင်ပွဲကို ဗိုလ်တထောင်စေတီ တိုးချဲ့ရင်ပြင်၌ ဒီဇင်ဘာ၂၉ ရက် ည ၇နာရီတွင် ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရိလင်္ကာရ(ပိဋကတ်တစ်ပုံခွဲအောင်)က လည်းကောင်း၊ ဒီဇင်ဘာ ၃၀ ရက်ည ၇နာရီတွင် မဇ္ဈိမဂုဏ်ရည် ဒေါက်တာ ဘဒ္ဒန္တ ကောဝိဒ ကလည်းကောင်း၊ ဒီဇင်ဘာ ၃၁ ရက် ည ၇နာရီတွင် ဓမ္မစေတီ အရှင်ကောသလ္လက လည်းကောင်း၊ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက် ည ၇ နာရီတွင် ကိုးဘွဲ့ရ အရှင် အာစာရာလင်္ကာရ ဆရာတော်က လည်းကောင်း၊ ၂ရက် ည၇ နာရီတွင် သီတဂူဆရာတော်ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရကလည်းကောင်း ဓမ္မ ဒေသနာတော်များ ဟောကြား ချီးမြှင့်မည်ဖြစ်ရာ ကုသိုလ်ရှင်များအား နှိုးဆော်ထားကြောင်းသိရသည်။ **(၃၅၂)**

# မြဝတီရုပ်မြင်သံကြား

**၂၈–၁၂–၂၀၀၆(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ မြန်မာသံစဉ်ချိုနှားဝင်
- ၅:၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၅:၃၅ ၉။ ဟဒယရွှင်လန်းအငြိမ့်ခန်း
- ၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၃၀ ၁၄။ လျှပ်တစ်ပြက်
- ၆:၃၅ ၁၅။ လှုပ်လှုပ်ရှားရှား ပုံရိပ်များ
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ထွန်းတောက်လာမည့်ကြယ်တစ်ပွင့်"** (အပိုင်း–၇)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၉)

## မိုးယံစ် ကင်းစင် အလှဆင်



**အမှတ်(၇၀) ဝေဇယန္တာလမ်း ၁၁ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဦးထွန်းကြည်–ဒေါ်သီလှိုင်မိသားစု (ရွှေဟသ်ာလျှာထိုး၊ ပါကေးနှင့်စက္ကာတင် ရောင်းဝယ်ရေး)က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၂) ဦးဘဉာဏ် လက်ခံယူစဉ်။**

(က–ပ)

# အမှတ်(၁)စက်မှု ဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂၇

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနက အထူးဈေးရောင်းပွဲတော်များကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ တောင်ငူမြို့ ပြည်သူ့အားကစားကွင်း၌ လည်းကောင်း၊ ဇန်နဝါရီ ၁ ရက်မှ ၁၀ ရက်အထိ မော်လမြိုင်မြို့ မိုင်တာအားကစားကွင်း၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အထူးဈေးရောင်းပွဲတော်များ၌ စက်မှု(၁)မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် လက်လီ၊ လက်ကား ရောင်းချပေးမည်ဖြစ်ရာ မည်သူမဆို ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■ **ရှေ့ဖုံးမှ**

ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ' အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ တွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ (၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ (၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ်အထူးဒေသ(၁)၊ ကချင်ပြည်နယ်အထူးဒေသ(၂)၊ ကယားပြည်နယ်အထူးဒေသ(၁)၊ ကယားပြည်နယ်အထူးဒေသ(၂)၊ ကယားပြည်နယ်အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး(DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ်ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့်သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန် ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)နှင့် မွန် နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

### ဆောင်ရွက်

အမျိုးသား ညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဦးမျိုးသန့် (မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်)ဦးဖီးလစ်ဆမ်၊ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်၊အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်၊နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးတင်ခနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

### အစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၀ ဦးရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၆၉ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၉၈ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

### ဖတ်ကြားတင်ပြ

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ကိုယ်စားလှယ် ဦးအားဖာက ဖတ်ကြားတင်ပြသည်။

### ခေတ္တရပ်နား

ဆက်လက်၍ မကွေးတိုင်းမှ ကိုယ်စားလှယ် ဦးမျိုးတင့်က ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီတွင် ပြန်လည်ကျင်းပရာ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို မွန်ပြည်နယ်မှ ကိုယ်စားလှယ် ဒေါ်ဝါဝါမွန်က ဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် ကယားပြည်နယ်မှ ကိုယ်စားလှယ် ဦးတင်ဦးက ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ခေတ္တရပ်နားသည်။

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြသည့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ အမျိုးသားညီလာခံကိုယ်စားလှယ်များဖြစ်ကြသည့် တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်မှ ကိုယ်စားလှယ် ဦးအင်ရှိန်က ရှေးဦးစွာ ဖတ်ကြားတင်ပြသည်။

ထို့နောက် ရခိုင်ပြည်နယ် အမ်းမြို့နယ်မှ ကိုယ်စားလှယ်ဦးရွှေလှက ဆက်လက်ဖတ်ကြားတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်မှကိုယ်စားလှယ်ဦးထွန်းဦးကဆက်လက်ဖတ်ကြားတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ခမ်းမြို့နယ်မှ ကိုယ်စားလှယ် ဦးစိုင်းယီမွန်က ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို မွန်းတည့်၁၂နာရီတွင် ရပ်နားလိုက်သည်။

**(တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းနှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားပါမည်။)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဒီဇင်ဘာ ၂၈ ရက် (ကြာသပတေးနေ့)မွန်းလွဲ၁နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။** (သတင်းစဉ်)

## တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့နှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများ ဆက်လက်ဖော်ပြမည်

ရန်ကုန် ဒီဇင်ဘာ ၂၇

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဒီဇင်ဘာ ၂၇ ရက်က ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့နှင့် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။** (သတင်းစဉ်)

## မြန်မာနိုင်ငံနှင့် စလိုဗေးနီးယားသမ္မတနိုင်ငံ သံတမန် အဆက်အသွယ်ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် စလိုဗေးနီးယားသမ္မတနိုင်ငံတို့သည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါမူကြီးများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေနှင့် သံတမန် ဆက်သွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ကောင်စစ်ဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းတို့နှင့်အညီ ချစ်ကြည်ရေးနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို တည်ထောင်လိုသည့် ဆန္ဒရှိသည့်အားလျော်စွာ ၂၀၀၆ခုနှစ် ဒီဇင်ဘာ ၁၈ ရက်မှ စတင်၍ နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ဖြင့် သံတမန်အဆက်အသွယ်ပြုလုပ်လိုက်သည်။

### လက်မှတ်ရေးထိုး

ယင်းကဲ့သို့ နှစ်နိုင်ငံသံတမန် အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီချက်ကို နှစ်နိုင်ငံသံအမတ်ကြီးများက ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် နယူးယောက်မြို့၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ **(သတင်းစဉ်)**

## လှော်ကားအထက(ဒုတိယအကြိမ်) အာစရိယ ပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ဧရာဝတီတိုင်း လေးမျက်နှာမြို့နယ် လှော်ကထား အခြေခံပညာအထက်တန်းကျောင်း၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပါဝင်လှူဒါန်းနိုင်ရေး အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီက ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# တရုတ်နှင့်ဆက်ဆံရေး ပိုမိုကောင်းမွန်ရန် ဂျပန်နိုင်ငံ တိုးမြှင့်ဆောင်ရွက်သွားမည်

တိုကျို ဒီဇင်ဘာ ၂၇

**ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက လာမည့် ၂၀၀၇ ခုနှစ်တွင် တရုတ်နိုင်ငံနှင့်အတူ အကျိုးစီးပွား ဖြစ်ထွန်းစေသော မဟာဗျူဟာကျကျ အပြန်အလှန်ဆက်ဆံရေး ထူထောင်သွားမည်ဖြစ်ကြောင်း ဂျပန်–တရုတ်ချစ်ကြည်ရေး သဝဏ်လွှာ၌ ဖော်ပြလိုက်သည်။**

**ဆက်ဆံရေးတိုးမြှင့်**

လာမည့် ၂၀၀၇ ခုနှစ်တွင် ဂျပန်–တရုတ်သံတမန်ဆက်ဆံရေး နှစ် (၃၀) ပြည့်မည်ဖြစ်ရာ နှစ်သစ် သဝဏ်လွှာ၌ နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းစေမည့် ဆက်ဆံရေး တိုးမြှင့် ဆောင်ရွက်ရန် ဂျပန်–တရုတ် ချစ်ကြည်ရေး သဝဏ်လွှာတွင် ဖော်ပြထားသည်။

**ပူးပေါင်းလုပ်ဆောင်**

နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန်အတွက် အဆင့်သစ်တစ်ရပ်အဖြစ် ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍများ အပြန်အလှန် ပူးပေါင်း လုပ်ဆောင်သွားကြမည်ဖြစ်သည်ဟု ၎င်းသဝဏ်လွှာတွင် ဖော်ပြထားသည်။

**အထောက်အကူပြု**

ဂျပန်နှင့်တရုတ် နှစ်နိုင်ငံတို့သည် ၁၉၇၂ ခုနှစ်မှ စတင်ကာ နှစ်နိုင်ငံ သံတမန် ဆက်ဆံရေး ထူထောင်ခဲ့ကြခြင်း ဖြစ်သည်။ နှစ်နိုင်ငံလူငယ်များ အပြန်အလှန်စေလွှတ်ကာ ဆက်ဆံရေး တိုးတက်မှုကို အထောက်အကူပြုစေအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း ရှင်ဇိုအာဘေးက ပြောကြားသည်။ **(အင်တာနက်)**

# ဩစတြေးလျ၌ အင်ဂျင်တစ်လုံးတပ် လေယာဉ်ပျက်ကျ

**ကင်ဘာရာ ဒီဇင်ဘာ ၂၇**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် ဒီဇင်ဘာ ၂၄ ရက်က လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်မှူးတစ်ဦး သေဆုံးကြောင်း ဩစတြေးလျ သတင်းဌာနက သတင်းထုတ်ပြန်သည်။

**ပျက်ကျ**

ပျက်ကျသွားသော လေယာဉ်မှာ အင်ဂျင်တစ်လုံးတပ် လေယာဉ်ဖြစ်ပြီး ဗစ်တိုးရီးယားပြည်နယ်ရှိ အဆောက်အအုံတစ်ခုပေါ်သို့ ပျက်ကျသွားခြင်းဖြစ်ပြီး ပျက်ကျချိန်မှာ ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင်ဖြစ်ကြောင်း ဩစတြေးလျ သတင်းဌာနက ထုတ်ပြန်သောသတင်း၌ ဖော်ပြထားသည်။

**ဆောင်ရွက်**

သေဆုံးသွားသော လေယာဉ်မှူးမှာ အသက် (၅၉)နှစ်အရွယ်ရှိပြီး လေယာဉ်ပေါ်တွင် ၎င်းတစ်ဦးတည်းသာ ပါရှိကြောင်းသိရသည်။ ဩစတြေးလျ သယ်ယူပို့ဆောင်ရေး လုံခြုံမှု ဗျူရိုမှအရာရှိများရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အင်ဂျင်တစ်လုံးတပ် လေယာဉ် မည်သည့်အတွက်ကြောင့်ပျက်ကျရသည်ကို ရှင်းလင်းစွာမသိရသေးကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**






**အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းရှိ ဆာနော်မြို့တွင် ဆူနာမီ အန္တရာယ်ဘေးအတွက် ဇာတ်တိုက် ကြိုတင်သတိပေးနိုင်ရေး လေ့ကျင့်နေကြသော ကျောင်းသူ ကျောင်းသားလေးများအား ဒီဇင်ဘာ ၂၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# နီပေါအရှေ့ပိုင်းရှိ ကျေးရွာ မီးလင်းရေး အိန္ဒိယက နေစွမ်းအင်သုံးစနစ်ကူညီ

**ခတ္တမန္ဒူ ဒီဇင်ဘာ ၂၇**

နီပေါနိုင်ငံအရှေ့ပိုင်း ဂျယ်ဂျေးကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် အိန္ဒိယနိုင်ငံက ရူပီးသန်း ၂၀ အကုန်အကျခံ၍ နေစွမ်းအင်လျှပ်စစ် စီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ပေးခဲ့သည်။

ယင်းကျေးရွာရှိ နေအိမ် ၆၃၀ တွင် နေထိုင်သော ကျေးရွာသူ၊ ကျေးရွာသား ၄၅၀၀ တို့အတွက် နေစွမ်းအင်လျှပ်စစ်ကို ရရှိသုံးစွဲနိုင်ကြသည်။

**ထုတ်ယူသုံးစွဲ**

အဆိုပါ ကျေးရွာရှိ နေအိမ်တိုင်းတွင် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ တပ်ဆင်ပေးထားပြီး လျှပ်စစ်ဓာတ်အားများ ထုတ်ယူသုံးစွဲနိုင်ရန် စီစဉ်ထားသည်။

**အကောင်အထည်ဖော်**

အိန္ဒိယနိုင်ငံက ယခုအထိ ယင်းနိုင်ငံဒေသအနှံ့တွင် နေရောင်ခြည်စွမ်းအင်သုံး စီမံကိန်း ၁၀ ခုကို အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်း ခတ္တမန္ဒူမြို့ရှိ အိန္ဒိယသံရုံး၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

ယင်းစီမံကိန်းကို စင်ထရယ် အီလက်ထရွန်းနစ်ကုမ္ပဏီနှင့် နီပေါသိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအောက်ရှိ အေအီးပီစီအဖွဲ့တို့က ပူးပေါင်းအကောင်အထည်ဖော်ခြင်း ဖြစ်သည်။ **အမ်အင်အေ၊ပီတီအိုင်**

# စစ်သုံးစရိတ် မြင့်မားမှု ထိန်းချုပ်ရန် သမ္မတဘုရှ်အား လွှတ်တော်အမတ်များ တိုက်တွန်း

**ဝါရှင်တန် ဒီဇင်ဘာ ၂၇**

စစ်သုံးစရိတ် မတန်တဆမြင့်တက်မှုကို ထိန်းချုပ်ပေးရန် အမေရိကန် သမ္မတဘုရှ်အား အမေရိကန်ကွန်ဂရက်မှ အရေးပါသည့် အမတ်သုံးဦးတို့က တိုက်တွန်းလိုက်ကြောင်း ဆင်ဟွာသတင်းတွင် ပါရှိသည်။

**တိုက်တွန်း**

အမေရိကန် အထက်လွှတ်တော် အမတ်များဖြစ်ကြသည့် ဂျက်ဒ်ဂျီရက်နှင့် ကင့်ကွန်ရက်၊ အောက်လွှတ်တော်အမတ် ဂျွန်စပရက်တို့က သမ္မတဘုရှ်ထံ စာရေး၍ အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

**လိုလား**

အီရတ်နှင့်အာဖဂန်နစ္စတန်၌ ဆက်လက်ဖြစ်ပွားနေသည့် စစ်ပွဲများ၏ အသုံးစရိတ်များအားလုံး ၂၀၀၈ခုနှစ် ကာကွယ်ရေး ဘတ်ဂျက်တွင် ထည့်သွင်းရန် ၎င်းတို့က လိုလားကြောင်း သမ္မတဘုရှ်အား အသိပေး ရေးသားခြင်းဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကိုလံဘီယာနိုင်ငံ ကာလီမြို့၌ မီးလောင် နေအိမ် ၄၆လုံး မီးဘေးသင့်

**ဘိုဂိုတာ ဒီဇင်ဘာ ၂၇**

ကိုလံဘီယာနိုင်ငံ ကာလီမြို့၌ ဒီဇင်ဘာ ၂၄ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံးနေအိမ် ၄၆လုံး မီးလောင်ကျွမ်းခဲ့ကြောင်း ကိုလံဘီယာ မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

**ထောက်ပံ့ကူညီ**

အဆိုပါ မီးလောင်မှုမှာ ကိုလံဘီယာနိုင်ငံ၏ တတိယအကြီးဆုံးမြို့တော် ကာလီမြို့အနီး စင်တာဆာဒီ အရပ်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဓာတ်ဆီ မီးဖိုပေါက်ကွဲမှုကြောင့် လောင်ကျွမ်းခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းမီးကြောင့် လူပေါင်း ၁၅၀အိုးမဲ့အိမ်မဲ့ ဖြစ်သွားရကြောင်း၊ သို့ရာတွင် ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ပြောကြားသည်။ မီးဘေးသင့်ခံရသူများအား အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့က လိုအပ်သည့် အမိုးအကာများ ထောက်ပံ့ကူညီပေးခဲ့ကြောင်း သိရသည်။

**မီးလောင်မှုဖြစ်ပွား**

ယင်းမီးလောင်မှုမှာ ကိုလံဘီယာ၌ လွန်ခဲ့သောသုံးလက အလားတူ မီးလောင်မှု ဖြစ်ပွားခဲ့ရာတွင် စတုတ္ထမြောက် ဖြစ်ကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၂၉၇၇ ဦး ရှိပြီ

ဘဂ္ဂဒက် ဒီဇင်ဘာ ၂၇

**ဘဂ္ဂဒက်မြို့တော် အရှေ့ပိုင်းတွင် လမ်းဘေးဗုံးခွဲ တိုက်ခိုက်ခံရပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံးသွားကြောင်း ဒီဇင်ဘာ ၂၄ ရက်ထုတ် အမေရိကန် စစ်ဘက်ကြေညာချက်တွင် ဖော်ပြပါရှိသည်။**

ပေါက်ကွဲ

**အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးမှာ ဒီဇင်ဘာ ၂၃ ရက်က ၎င်းတို့စီးနင်း လိုက်ပါလာသည့် မော်တော်ယာဉ်ကို လမ်းဘေးဗုံး ထိမှန်ပေါက်ကွဲစဉ် သေဆုံးသွားရခြင်းဖြစ်ပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦးလည်း ဒဏ်ရာရသွားသည်ဆို၏။**

၇၇ ဦးသေဆုံး

**၂၀၀၃ခုနှစ် မတ်လတွင် အမေရိကန် ဦးဆောင်သည့်တပ်များ အီရတ်ကို ကျူးကျော်ဝင်ရောက်ပြီးနောက်ပိုင်း ဒီဇင်ဘာ ၂၆ ရက်အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၉၇၇ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန် စစ်ဌာနချုပ်စာရင်းများကို ကိုးကားပြီး မီဒီယာ ဖော်ပြချက်အရ သိရသည်။** အမ်အင်အေ၊ဆင်ဟွာ



**ပက်ဖျန်း**

**အီဂျစ်နိုင်ငံ ကိုင်ရိုမြို့ရှိ ဂီဇာ တိရစ္ဆာန်ဥယျာဉ်တွင် ဘဲခြံအတွင်း ကာကွယ်ဆေးများ ပက်ဖျန်းနေသည်ကို ဒီဇင်ဘာ ၂၅ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း မြစ်ရေလွှဲခြင်းအခမ်းအနားကျင်းပ

## စီမံကိန်းပြီးပါက လျှပ်စစ်ဓာတ်အား ပျမ်းမျှကီလိုဝပ်နာရီသန်းပေါင်း ၂၆၂ သန်းထုတ်လုပ်၍တစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးပေးမည်

နေပြည်တော် ဒီဇင်ဘာ ၂၇

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက အမှတ်(၄)တည်ဆောက်ရေးမှ အကောင်အထည်ဖော်လျက်ရှိသည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း မြစ်ရေလွှဲခြင်းအခမ်းအနားသို့ တက်ရောက်သည်။**

### မြစ်ရေလွှဲ

ရှေးဦးစွာ ရွှေကျင်ချောင်း လက်ဝဲဘက်နှင့် လက်ယာဘက်ကမ်း များမှ ယာဉ်နှင့်စက်ယန္တရားများဖြင့် ချောင်းပိတ်၍ ရေလွှဲခြင်းလုပ်ငန်းကို စီမံကိန်းဝန်ထမ်းများက အားသွန်ခွန်စိုက်ဖြင့် အောင်မြင်စွာ မြစ်ရေလွှဲကြသည်။

ထို့နောက် မြစ်ရေလွှဲခြင်းလုပ်ငန်း အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက ဂုဏ်ပြုလက်ဆောင်များချီးမြှင့်ရာ စီမံကိန်းတွင် တာဝန်ထမ်းဆောင်နေကြသော မြို့ပြအင်ဂျင်နီယာများကိုယ်စား စီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဟိန်းထက်ကလည်းကောင်း၊ စက်မှုအင်ဂျင်နီယာများကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု) ဦးသန်းဝင်းကလည်းကောင်း၊ ဒေသခံဖျော်ဖြေရေးအဖွဲ့ကိုယ်စား အဖွဲ့ခေါင်းဆောင် တစ်ဦးကလည်းကောင်း ဂုဏ်ပြုလက်ဆောင်များ လက်ခံရယူကြသည်။

### ရွှေမိုးငွေမိုးရွာသွန်း

၎င်းနောက် မြစ်ရေလွှဲခြင်း အောင်မြင်မှု အထိမ်းအမှတ်အဖြစ် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ရွှေမိုးငွေမိုး ရွာသွန်းဖြိုးကြပြီးနောက် ဒေသခံယဉ်ကျေးမှုအကအဖွဲ့များက တပျော်တပါး တီးမှုတ်ကခုန်ကြသည်။

ယင်းနောက် မြစ်ရေလွှဲပြီးဖြစ်သော ယာယီရေတားတမံပေါ်မှ ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး စီမံကိန်း၏ လက်ဝဲဘက်ကမ်း ရှုရပ်မှနေ၍ စီမံကိန်းလုပ်ငန်း ပြီးစီးမှုအခြေအနေ၊ တမံဖို့ခြင်းလုပ်ငန်းများကို ကြည့်ရှု၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းမှ အင်ဂျင်နီယာဝန်ထမ်းများနှင့်တွေ့ဆုံရာ၌ ဝန်ကြီးက စီမံကိန်း တစ်ခုလုံး သတ်မှတ်ကာလထက်စော၍ ပြီးစီးရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ မိမိတို့တာဝန်ယူ ဆောင်ရွက်ရသောလုပ်ငန်းအပိုင်းလိုက်ကို အချိန်နှင့်တစ်ပြေးညီပြီးစီးအောင် လုပ်ကိုင်ကြရေး၊ စံချိန်စံညွှန်းနှင့်ပတ်သက်၍ အထူးဂရုစိုက်ရေး၊ ဝန်ထမ်းအချင်းချင်းပူးပေါင်းညှိနှိုင်း လုပ်ကိုင်ကြရေး၊ အလေအလွင့်နည်းပါးရေး၊ ခြိုးခြံချွေတာရေးတို့ကို ဆွေးနွေးမှာကြားပြီးနောက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ဖြန့်ဖြူးပေးမည်

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းတွင် ၁၈ ဒသမ ၇၅ မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက်လေးလုံး တပ်ဆင်မည်ဖြစ်ရာ စုစုပေါင်း စက်တပ်ဆင်အင်အား ၇၅ မဂ္ဂါဝပ်အင်အား ရှိပြီး စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ် အား ပျမ်းမျှကီလိုဝပ်နာရီသန်းပေါင်း ၂၆၂ သန်းထုတ်လုပ်၍ မဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်ပြီး တစ်နိုင်ငံလုံးသို့ ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းတွင် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိပြီးနောက် အမှတ်(၃) တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူး ဦးမော်သာထွေး၊ စီမံကိန်းမှတာဝန်ရှိသူများနှင့်အတူ ရှေးဦးစွာ ဖိအားမြှင့်ဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်းကို ဝင်ရောက်ကြည့်ရှု၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် တမံ၏ဝဲဘက်ကမ်း ရှုရပ်မှနေ၍ ရေယူအဆောက်အအုံ၊ ရေထိန်းမျှော်စင်၊ ပင်မရေပိုလွှဲ၊ ကျောက်ဖြည့်တမံလုပ်ငန်း၊ ဖိအားနိမ့်သံမဏိပိုက်လိုင်းတူးဖော်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေယူအဆောက်အအုံတည်ဆောက်ခြင်း လုပ်ငန်းသို့ သွားရောက်၍ ရေယူအဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းများကို စစ်ဆေးကြည့်ရှုသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ကျောက်ဖြည့်တမံ တည်ဆောက်ရန် တမံတွင် ကျောက်သား၊ မြေသားများဖို့သည့်လုပ်ငန်းကို ဝင်ရောက်စစ်ဆေးသည်။ ၎င်းနောက် ဝန်ကြီးသည် ပင်မရေပိုလွှဲ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းတွင် မဂ္ဂါဝပ် ၂၀ အင်အားရှိ ဓာတ်အားပေး စက်သုံးလုံးတပ်ဆင်မည်ဖြစ်ရာ စုစုပေါင်းစက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀ ရှိပြီး စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီပေါင်း ၁၉၀ ထုတ်လုပ်၍ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ပြီး တစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုကြိုဆို ကတ္တရာလမ်းသစ်ဖွင့်ပွဲ သန်လျင်၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်း သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက် အောင်မြင့်မိုရ်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါလမ်းရှိ မုခ်ဦး၌ ကျင်းပရာ ရှေးဦးစွာ သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်မြင့်က အမှာစကားပြောကြားပြီး ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်း၊ သန်လျင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးတို့အား ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မင်္ဂလာအချိန်တွင် သန်လျင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်၍ ကတ္တရာလမ်းသစ်ကို ဖွင့်လှစ်ပေးကြပြီး(**အောက်ပုံ**) ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလမ်းသစ်မှာ အရှည်၁၆၂၅ ပေ၊ အကျယ်၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# The Commerce Journal အတွဲ(၆)၊ အမှတ်(၂၄) ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

The Commerce Journal အတွဲ(၆)၊ အမှတ်(၂၄)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် လယ်ယာထွက်ကုန်ပစ္စည်း ယခင်နှစ်ထက်ဒေါ်လာ သန်း ၂၃၀ ကျော်ပိုမိုတင်ပို့နိုင်၊ မြန်မာ့ကျောက်စိမ်းမှ နိုင်ငံခြားဝင်ငွေ ဒေါ်လာ သန်း ၃၀၀ နီးပါးရရှိထား၊ ကြက်သွန်မျိုးစေ့အတွက် စိတ်အေးစေရန်စီစဉ်ထား၊ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အကောက်ခွန်မဲ့မောင်ခိုပစ္စည်း တန်ဖိုးကျပ် ၃၂၆၄ သိန်းကျော် ဖမ်းဆီးရမိ၊ လုပ်ငန်းရှင်များသိသာရန် အချက်များ၊ ပျားလိမ္မော်များ ထိုင်းနိုင်ငံသို့တင်ပို့၊ ပြည်ပပို့ကုန် ပင်လယ်ငါးမုတ်၊ ခွာလိပ်သွားသော အဿထိုရ်ပဲစင်းငုံ၊ မော်လမြိုင် ရော်ဘာဈေးကွက်၊ မန္တလေးပဲတီစိမ်း ဈေးကွက်သုံးသပ်ချက်၊ ဟင်္သာတမတ်ပဲ စိုက်ထုတ်လုပ်မှုနှင့် ဈေးကွက်စသည့် သတင်းများပါဝင်သည်။

အထူးဆောင်းပါးများအဖြစ် မောင်စူးစမ်း၏ ကားနှင့် အိမ်ဈေးကွက်၊ ဦးဟန်ထွန်း၏ ကမ္ဘာကြီးကိုဝယ်တော့မယ်၊ ဒေါက်တာခင်မောင်ညို၏ ပါရဒိုင်းသစ် စီမံခန့်ခွဲမှု၊ ဟန်မင်းဆက်၏ဇီဝဒီဇယ်ဆီအပယ်အဆသစ်၊ ကြည်မင်း၏မထွန်းကားသူတို့ကျင့်စဉ် (၇)ပါး၊ ကျွန်းသားငမန်း၏ အုန်းပင်၊ အုန်းသီးနှင့် အုန်းထွက်ပစ္စည်းများ၊ ကြည်ရွှန်း၏ ချမ်းသာနည်းတရား ၁၀၀၊ မင်းတင်ထွန်း၏ ငှက်ပျောပင်မှ စက္ကူထုတ်မည့်စီမံကိန်း၊ သန်းအောင်ကျော်၏ ၂၀၀၇ ခုနှစ်တွင် တရုတ်နိုင်ငံ၏ ငွေကြေး ပမာဏတိုးမြှင့်မှုမရှိနိုင်၊ သိန်းမြသိန်း၏ ရွှေလုပ်ငန်း ဖွံ့ဖြိုးမှု၊ ပို့ကုန်၊ သွင်းကုန် စာရင်းများ၊ ပြည်တွင်း ပြည်ပဈေးနှုန်း သတင်းများဖြင့် အထူးထုတ်ဝေကာ တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မွန်ပြည်နယ် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်း ၁/၂၀၀၆ဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက်က ရေးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရေးတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်အောင်က အမှာစကား ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

**(သတင်းစဉ်)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး) တွင် A.4မင်းရဲကျော်စွာလမ်း ရုံတော်ရပ်ကွက် သန်လျင်မြို့နေ ဦးလှဖေ–ဒေါ်စု၊ မောင်နေလင်းထွန်းအောင် (ခေတ္တ – စင်ကာပူ)၊ သမီးကြီး Dr.တင်လေးနွယ်(ခေတ္တ–ဂျပန်)၊ မကြည်တာနွယ်(ခေတ္တ–စင်ကာပူ)၊ မတင်နွယ်ထွေးတို့က အလှူငွေကျပ်တစ်သိန်းကို အဖွဲ့ဝင် ဦးမျိုးခင်ထံ ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)

# အယ်လ်ဇိုင်းမားရောဂါကုသရေး မျှော်လင့်ချက်ရှိ

**ကာဒစ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက အယ်လ်ဇိုင်းမားရောဂါ ကုသရေးအောင်မြင်မည့် နည်းလမ်းတစ်ရပ်ကို ရှာဖွေတွေ့ရှိသည်။** (ယာပုံ)



### စမ်းသပ်တွေ့ရှိ

**အယ်လ်ဇိုင်းမားရောဂါ အင်အားကုန်ခန်းစေသည့် ပဋိဇီဝတစ်မျိုးကို သိပ္ပံပညာရှင်များက ဖန်တီးပေးလိုက်သည်။ ထိုစမ်းသပ်တွေ့ရှိမှုရလဒ်က များစွာအားရဖွယ်ကောင်းကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဒင်မာကစ်က ပြောဆိုသည်။**

**အယ်လ်ဇိုင်းမားရောဂါကို ကုသအောင်မြင်သည်ဟူ၍ ယခုအထိ မတွေ့ရသေးပေ။ ဗြိတိန်နိုင်ငံ၌ အသက် ၆၅ နှစ်ကျော်ပါက လူ ၂၀ လျှင် တစ်ဦး အယ်လ်ဇိုင်းမားရောဂါဖြစ်တတ်ပြီး အသက်၈၀ကျော်အရွယ်များတွင် ငါးပုံတစ်ပုံ ထိုရောဂါဖြစ်သည်ဆို၏။**

### မှတ်ဉာဏ်

**သိပ္ပံပညာရှင်တို့တီထွင်ဖန်တီးသည့် ပဋိဇီဝပစ္စည်းက အယ်လ်ဇိုင်းမားရောဂါ အရှိန်ကိုလျှော့ချပြီး လူနာ၏မှတ်ဉာဏ်ကို တိုးတက်စေမည်ဆို၏။**

ကိုးကား–အင်တာနက်

# ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ ကာလတွင် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်



ရန်ကုန် ဒီဇင်ဘာ ၂၇

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဒီဇင်ဘာ ၂၆ရက်က ကျင်းပသည့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်ခြောက်ဦးတို့၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

လေးစားအပ်ပါသော သဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို လေးစားစွာ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ရွေးချယ်ခံ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးတင်ဝင်းဖြစ်ပါတယ်။ ရွေးချယ်ခံ ကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့ရဲ့ စုပေါင်းအကြံပြုချက် စာတမ်းကို ကျွန်တော်မှ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့အားလုံး ဒီနေ့ ဒီနေရာမှာ မြန်မာနိုင်ငံတစ်ဝန်းလုံး နေရာအနှံ့မှ လူတန်းစား အလွှာအသီးသီး၊ တိုင်းရင်းသားမျိုးနွယ်စု အစုံစုံနဲ့၊ ဒီအမျိုးသားညီလာခံမှာ ရောက်ရှိနေကြတာဟာ မြန်မာနိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အကျိုးပြုမယ့်၊ လက်တွေ့ဘဝမှာ အကောင်အထည်ဖော်နိုင်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခု ပေါ်ထွန်းလာရေးအတွက် အခြေခံမူများ ချမှတ်နိုင်ဖို့ ကြိုးပမ်းကြရအောင် ဖြစ်ပါတယ်။ အခုဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်မယ့် အခန်းလိုက် ခေါင်းစဉ်များအနက်၊ နောက်ဆုံးဖြစ်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်နိုင်ဖို့အတွက် အကြံပြုဆွေးနွေးကြတဲ့အဆင့်ကို ရောက်ရှိနေပါပြီ။ ကျွန်တော်တို့အားလုံး မိသားစုများနဲ့ ခွဲခွာပြီး ကာယအား၊ ဉာဏအား အစွမ်းရှိသမျှ ကြိုးစားခဲ့ကြပြီးပါပြီ။ ဒီကြိုးပမ်းချက်ရဲ့ ရလဒ်အဖြစ် မကြာမြင့်မီကာလမှာ ကျွန်တော်တို့အားလုံး မျှော်လင့်တောင့်တနေကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး ပေါ်ပေါက်လာတော့မယ်လို့ ယုံကြည်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဒီညီလာခံကြီးမှာ ကျွန်တော်တို့အားလုံး ဝိုင်းဝန်းကြိုးပမ်းမျိုးစေ့ ချပေးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီး ပေါ်ပေါက်လာခဲ့ရင် ဒီဖွဲ့စည်းပုံအခြေခံဥပဒေကြီး ရေရှည်တည်တံ့ခိုင်မြဲစေဖို့လဲ ကျွန်တော်တို့အားလုံးက မျှော်လင့်ကြမှာပါ။ ဒီလို ရေရှည် တည်တံ့ခိုင်မြဲနေမှလည်း ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ အရှိန်အဟုန်မပျက် တိုးတက်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီနေ့ကမ္ဘာမှာ ကြည့်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေရှည်တည်တံ့တဲ့ နိုင်ငံတွေဟာ ဖွံ့ဖြိုးပြီးနိုင်ငံတွေဖြစ်ပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ မကြာခဏ ပြန်လည်ရေးဆွဲရတဲ့ နိုင်ငံတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေဖြစ်တယ်လို့ ယေဘုယျအားဖြင့် တွေ့ရှိနိုင်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးသက်တမ်း (၅၈)နှစ်အတွင်းမှာ ဖွဲ့စည်းပုံ(၂)ကြိမ်ပြောင်းလဲခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံရဲ့သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးသက်တမ်း(၅၈)နှစ်မှာ၊ နှစ်ပေါင်း(၂၈)နှစ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာရှိခဲ့ပြီး နှစ်ပေါင်း(၃၀)ဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေမရှိတဲ့နိုင်ငံ ဖြစ်ခဲ့ရပါတယ်။ ဒါဟာနိုင်ငံရဲ့ လွတ်လပ်ရေးသက်တမ်း တစ်ဝက်ထက်ပင် ကျော်နေပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မည်သည့်ဖွဲ့စည်းပုံ အခြေခံဥပဒေပင်ဖြစ်စေ ရေးဆွဲစဉ်ကာလက ဒီဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ကိုက်ညီမယ့် အခြေအနေတွေကို သိရှိနားလည်ပြီး ရေးဆွဲခဲ့ကြတာ ဖြစ်ပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပဲဖြစ်ဖြစ်၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပဲဖြစ်ဖြစ်၊ အဲဒီအချိန် အဲဒီအခါမှာရှိတဲ့ မြန်မာ့အခြေအနေ၊ ကမ္ဘာ့အခြေအနေများကို ထည့်သွင်းစဉ်းစားရေးဆွဲခဲ့ကြတာပါပဲ။ ဒီလိုပဲ အခြားနိုင်ငံတွေမှာလည်း ရေးဆွဲခဲ့ကြမှာပဲ၊ သို့ပေမယ့် အချို့ဖွဲ့စည်းပုံတွေဟာ ရေရှည်တည်တံ့နေပြီး အချို့ဖွဲ့စည်းပုံတွေဟာ အချိန်တိုအတွင်းမှာ ပျက်သုဉ်းသွားကြရပါတယ်။ အဓိက ကွာခြားချက်ကတော့ ရေရှည်တည်တံ့တဲ့ ဖွဲ့စည်းပုံတွေဟာ အခြေအနေ၊ အချိန်အခါနဲ့ လိုက်လျောညီထွေအောင်ပြောင်းလဲနိုင်စွမ်းရှိပြီး အချိန်တိုအတွင်းမှာ ပျက်သုဉ်းသွားတဲ့ ဖွဲ့စည်းပုံများကတော့ အခြေအနေ၊ အချိန်အခါနဲ့လိုက်လျောညီထွေရှိအောင် မပြောင်းလဲနိုင်ကြလို့ဘဲဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြောင်းလဲခြင်းတရားဆိုတာ လောကရဲ့ အမှန်တရားဖြစ်ပါတယ်။ လူတစ်ဦးတစ်ယောက်၊ လူအဖွဲ့အစည်းတစ်ခုဟာ အမြဲတမ်းပြောင်းလဲမှုတွေ ရှိနေတယ်ဆိုတာ အားလုံးလက်ခံရမယ့် အချက်ပဲဖြစ်ပါတယ်။ ဒီလိုပြောင်းလဲရာမှာလည်း ပတ်ဝန်းကျင် အခြေအနေနဲ့ သဟဇာတဖြစ်တဲ့ ပြောင်းလဲခြင်းဟာ တိုးတက်ပြောင်းလဲခြင်းဖြစ်သလို၊ ပတ်ဝန်းကျင်အခြေအနေနဲ့ သဟဇာတမဖြစ်တဲ့ ပြောင်းလဲခြင်းဟာ ဆုတ်ယုတ်တဲ့ ပြောင်းလဲခြင်းဖြစ်ပါတယ်။ လူအဖွဲ့အစည်း တစ်ခု ရေရှည်တည်တံ့ခိုင်မြဲနေစေရန် အတွက် ပြောင်းလဲခြင်းတရားကို နားလည်လက်ခံကျင့်သုံးနိုင်ဖို့ လိုပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် ပြောင်းလဲနိုင်စွမ်းရှိခြင်းဟာ ရေရှည်တည်တံ့ခိုင်မြဲခြင်းအတွက် သော့ချက်ပဲဖြစ်ပါတယ်။ တစ်ခါ ပြောင်းလဲခြင်းမှာ ခက်ခဲစွာပြောင်းလဲခြင်းနဲ့ လွယ်ကူစွာပြောင်းလဲခြင်းလို့ ခွဲခြားနိုင်ပါတယ်။ ပြောင်းလဲဖို့ခက်ခဲတဲ့ အခြေခံဥပဒေတစ်ခုဟာ သာမန်အားဖြင့် ကြည့်မယ်ဆိုရင် ခိုင်မြဲတယ်လို့ထင်ရပေမယ့်၊ တကယ်တမ်းပြောင်းလဲဖို့ အခြေအနေကြုံလာတဲ့ အခါမှာ အနည်းငယ်သော ဆန့်ကျင်မှုကြောင့် မပြောင်းလဲနိုင်ဘဲပျက်သုဉ်းရတဲ့ အခြေအနေကို ရောက်ရှိသွားနိုင်တဲ့အတွက် မလိုလားအပ်သလို၊ လွယ်ကူသော ပြောင်းလဲခြင်းဟာလဲလူတစ်စု၊ တစ်ဖွဲ့၊ တစ်ပါတီက အခြားသူများထက်အနည်းငယ် အင်အားသာရုံမျှဖြင့် ပြောင်းလဲလိုက်နိုင်လို့ ဥပဒေတွေဟာ



**ကျိုက် လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးတင်ဝင်း တစ်သီးပုဂ္ဂလကိုယ်စားလှယ်ခြောက်ဦး တို့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

မကြာခဏ လိုက်ပြောင်းနေရပြီး မတည်မငြိမ်ဖြစ်လာနိုင်တဲ့အတွက် မလိုအပ်ပါဘူး။ ဒါကြောင့် ခက်လွန်းခြင်း၊ လွယ်လွန်းခြင်းဆိုတဲ့ အစွန်းနှစ်ပါးကို ရှောင်ရှားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို မခက်လွန်း၊ မလွယ်လွန်းတဲ့ နည်းလမ်းများနဲ့ ပြင်ဆင်ရန် ပြဋ္ဌာန်းထားဖို့လိုအပ်တယ်လို့ ကျွန်တော်တို့ ရိုးသားစွာယုံကြည်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အထက်ပါအချက်များအပေါ်မှာ အခြေခံပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းအတွက် အသေးစိတ်အခြေခံရမယ့် မူများအပေါ် အကြံပြုတင်ပြလိုပါတယ်။

လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများအနက်မှ အပိုဒ် ၁၊ ၂၊ ၃ တို့ဟာ သင့်လျော် မှန်ကန်တဲ့အတွက် အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်းတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားချက်ပါ အပိုဒ် ၄နဲ့ ပတ်သက်လို့ သီးခြားအကြံပြုလိုပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုမှာ ပြောင်းလဲရန် မသင့်တဲ့အချက်များရှိသလို အခြေအနေ၊ အချိန်အခါနဲ့ လိုက်လျောညီထွေပြောင်းလဲသင့်တဲ့ အချက်များလဲရှိပါတယ်။ ချမှတ်ပြီးခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို လေ့လာတဲ့အခါမှာ“နိုင်ငံတော်” အခန်းနဲ့စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများဟာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့၊ဒို့တာဝန်အရေးသုံးပါးအရ အစဉ်အမြဲတည်ရှိနေဖို့ လိုတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိလာမယ့် “နိုင်ငံတော်” အခန်းနဲ့ စပ်လျဉ်းပြီး ပြဋ္ဌာန်းရမယ့်အချက်များနှင့် ပတ်သက်၍–

**“နိုင်ငံတော်အခန်းနှင့် ပတ်သက်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား မည်သည့်အခါမျှ ပြင်ဆင်ခြင်းမပြုရ”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုရေးဆွဲရာမှာရေးဆွဲစဉ်ကာလက မည်သို့ပင်ဘက်စုံ၊ ထောင့်စုံက ဟာကွက်မရှိအောင်ကြိုးစားပြီးရေးဆွဲကြရပေမယ့် ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ အမှန်တကယ်ပြည်သူများရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်းရှိ၊ မရှိ၊ ပြည်သူပြည်သားများရဲ့ဆန္ဒနဲ့ကိုက်ညီမှုရှိမရှိ၊ နိုင်ငံရဲ့ ပကတိအခြေအနေများနဲ့သဟဇာတဖြစ်မဖြစ် ဆိုတာကိုလက်တွေ့ ကျင့်သုံးခြင်းအားဖြင့်သာ သိရှိနိုင်မှာ ဖြစ်ပါတယ်။ သဘောတရားကို လက်တွေ့ဘဝနဲ့ ကိုက်၊မကိုက် စမ်းသပ်ကြည့်ဖို့လိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခု အကောင်အထည်ဖော်ကျင့်သုံးရာမှာ အကျိုး၊ အပြစ်တွေကို ချက်ချင်းသိနိုင်မှာ မဟုတ်ပါဘူး၊ အချိန်ကာလတစ်ခုအထိ တစိုက်မတ်မတ်ကျင့်သုံးမှသာ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ အကျိုး၊အပြစ်တွေကို သိလာနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုအချိန်ကာလတစ်ခုအထိ ကျင့်သုံးပြီးမှပဲ ဘယ်အချက်တွေကတော့ ဆက်လက်ပြဋ္ဌာန်းသင့်တယ်၊ ဘယ်ပြဋ္ဌာန်းချက်တွေကတော့ ပြောင်းလဲသင့်တယ်ဆိုတာ သိရှိနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေများကို ကြည့်မယ်ဆိုရင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဟာ (၁၀)နှစ် ကြာပြီးတဲ့နောက်မှာ ပြောင်းလဲဖို့ အခြေအနေတွေဖြစ်လာပေမယ့် မပြောင်းလဲခဲ့ကြတဲ့အတွက် ၁၉၆၂ ခုနှစ်မှာ ပျက်သုဉ်းခဲ့ရပါတယ်။ ဒီလိုပဲ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေဟာလဲ (၁၀)နှစ်ကျော် ကြာပြီးတဲ့နောက် ပြောင်းလဲဖို့ အခြေအနေတွေ ဖြစ်လာပေမယ့် မပြောင်းလဲခဲ့ကြလို့ ၁၉၈၈ခုနှစ်မှာ ရပ်ဆိုင်းသွားခဲ့ပြန်ပါတယ်။ ဒီအချက်တွေကို သုံးသပ်ကြည့်ခြင်းအားဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခုကို အချိန်ကာလတစ်ခု အထိ တစ်စိုက်မတ်မတ် ကျင့်သုံးပြီးမှ ပြောင်းလဲဖို့ ဆန်းစစ်သင့်တယ်လို့ ထင်မြင်မိပါတယ်။ တစ်ခါ ယခု ကျွန်တော်တို့နိုင်ငံမှာ ပေါ်ထွန်းလာတော့မယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ ကျွန်တော်တို့ တွေ့ကြုံဖူးခဲ့ကြတဲ့ ပါလီမန်ဒီမိုကရေစီပုံစံ၊ တစ်ပါတီ စနစ်နဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်ပုံစံတို့နဲ့ ကွဲပြားခြားနားတဲ့ အာဏာသုံးရပ်ကို ခွဲခြားကျင့်သုံးတဲ့ သမ္မတစနစ်ပုံစံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် ပုံစံသစ် ဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့် ဒီဖွဲ့စည်းပုံ အခြေခံဥပဒေကို (၁၀)နှစ်ကြာ ကျင့်သုံးပြီးမှ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ အကျိုး၊ အပြစ်တွေကို သိရှိပြီး ဆက်လက် ပြဋ္ဌာန်းသင့်တဲ့ အချက်တွေနဲ့ ပြင်ဆင်ပြောင်းလဲသင့်တာတွေ ခွဲခွဲခြားခြား သိလာနိုင်မှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံ အခြေခံဥပဒေကို (၁၀)နှစ်ကြာလက်တွေ့ကျင့်သုံးနိုင်ဖို့ လိုအပ်ပါတယ်။ ပြည်ထောင်စု လွှတ်တော်ရဲ့ သက်တမ်းဟာ ငါးနှစ်ဖြစ်တဲ့ အတွက် ပြည်ထောင်စုလွှတ်တော်သက်တမ်း (၂)ကြိမ်ဆိုရင် (၁၀)နှစ်ဖြစ်ပါတယ်။

ဒါ့ကြောင့်–

**“ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံတော်အခန်းအတွက် ပြဋ္ဌာန်းချက်များ မှလွဲ၍ ကျန်အခန်းများအတွက် ပြဋ္ဌာန်းချက်များကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်သက်တမ်း ကုန်ဆုံးသည့်အထိပြင်ဆင်ခြင်းမပြုရ”**

လို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးပြီးတဲ့နောက် တတိယအကြိမ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပပြီးတဲ့အခါ ပြည်သူတွေမှာ ရွေးကောက်ပွဲအတွေ့အကြုံ (၃)ကြိမ်ရှိသွားပြီဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ၊ ပြည်သားများအတွင်းမှာ ထိုက်သင့်တဲ့ ဒီမိုကရေစီစံနှုန်းများနဲ့ ဆင်ခြင်တုံတရားများလည်း ရရှိလောက်ပြီလို့ ယူဆပါတယ်။ ပြည်သူ၊ ပြည်သားများကလည်း နိုင်ငံရဲ့အရေး၊ တစ်နည်းအားဖြင့် နိုင်ငံရေးကို တောင်သူလယ်သမား၊ အလုပ်သမား၊ ဝန်ထမ်း၊ တပ်မတော်သားများပါ စိတ်ဝင်တစားနဲ့လေ့လာပြီး နိုင်ငံရေး အသိအမြင်ကြွယ်ဝတဲ့ နိုင်ငံသားများ ဖြစ်လာကြပါမယ်။ ဒီနိုင်ငံသားများက ရွေးချယ်ပေးလိုက်တဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဟာလည်း “လူမှန် နေရာမှန်” ဆိုသလို ဆင်ခြင်တုံတရားရှိတဲ့၊ အရည်အချင်းပြည့်ဝတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်လာကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်ကိစ္စမှာ နိုင်ငံအတွက် ဘဏ္ဍာရေးအရရော၊ အုပ်ချုပ်ရေးအရပါ ဝန်ထုပ်ဝန်ပိုးဖြစ်စေမယ့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ပြုလုပ်မယ့်အစား–

**“ ပြည်ထောင်စုလွှတ်တော်၏ တတိယအကြိမ် သက်တမ်းမှစတင်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား ပြင်ဆင်လိုပါက**

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

**ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာစတင်တည်သည့်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်အောက်၌ ဖွဲ့စည်းထားရှိသည့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက် တည်ရှိစေရမည်။**

# နိုင်ငံတော်အခန်းနှင့် ပတ်သက်၍ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား မည်သည့်အခါမှ ပြင်ဆင်ခြင်းမပြုရ

စာမျက်နှာ ၆ မှ

**နိုင်ငံတော် အခန်းအတွက် ပြဋ္ဌာန်းချက်များမှတစ်ပါး၊ အခြားအခန်းများအတွက် ပြဋ္ဌာန်းချက်များအား ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံ (၂/၃) ဆန္ဒမဲဖြင့် ပြင်ဆင်နိုင်သည်"**

လို့ အသေးစိတ်အခြေခံရမယ့် မူအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာပြီး ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုင်တွယ် ကျင့်သုံးရာမှာ (၁၀)နှစ်ကျော် ကာလရောက်တဲ့အခါ၊ နိုင်ငံတော်အတွင်း လူဦးရေ တိုးပွားလာခြင်း၊ လူအများ နေရာပြောင်းရွှေ့ အခြေချနေထိုင်ခြင်းများကြောင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းများအဖြစ်သို့လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်မရသေးတဲ့ တိုင်းရင်းသားမျိုးနွယ်စုများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ သတ်မှတ်ပေးရန်အတွက်လည်းကောင်း၊ ပြည်ထောင်စု နယ်မြေသစ်များ ပြဋ္ဌာန်းရန် လိုအပ်လာရင်လည်းကောင်း၊ နိုင်ငံရဲ့ စီးပွားရေး၊ လူမှုရေး အခြေအနေမျိုး တိုးတက်မြင့်မားလာတာနဲ့အမျှ တိုင်းဒေသကြီးနဲ့ ပြည်နယ်များရဲ့ ဥပဒေပြုမှု အာဏာ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများရဲ့ ဥပဒေပြုမှုအာဏာများကို ပြင်ဆင်ပြောင်းလဲပေးနိုင်ရန်အတွက် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးနဲ့၊ နိုင်ငံတော်တစ်ဝန်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်စေရေးတို့ကို ရည်သန်ပြီး ကျွန်တော်တို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဆင်ခြင်စဉ်းစားပြီး အကြံပြုချက်များကို ရိုးသားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**သဘာပတိကြီးခင်ဗျား–**

ဆက်လက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော် အလံ၊ အထိမ်းအမှတ် တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး၏ ရှင်းလင်းတင်ပြချက်များကို ဆက်လက်ဆွေးနွေး အကြံပြုသွားမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော် အလံ၊ နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်၊ နိုင်ငံတော် သီချင်းနဲ့ မြို့တော်များဟာ အချုပ်အခြာအာဏာပိုင် လွတ်လပ်တဲ့ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်တဲ့ အင်္ဂါရပ်များ ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ နိုင်ငံသားအားလုံးကို ကိုယ်စားပြုတဲ့ အင်္ဂါရပ်များလည်း ဖြစ်ပါတယ်။ နိုင်ငံတော် အလံ၊ အထိမ်းအမှတ်တံဆိပ်နဲ့ သီချင်းများကို နိုင်ငံတော်နှင့်ပတ်သက်တဲ့ အခမ်းအနားများ၊ နိုင်ငံတကာ ဆက်ဆံရေးကိစ္စရပ်များမှာ အသုံးပြုရပါတယ်။ နိုင်ငံတကာ အစည်းအဝေးများ၊ အားကစားပွဲများ၊ အခြားနိုင်ငံများမှ နိုင်ငံအကြီးအကဲများ လာရောက်စဉ်များမှာလည်း အသုံးပြုရပါတယ်။ ဒီလို အသုံးပြုခြင်းအားဖြင့် အစည်းအဝေးတက်ရောက်သူများ၊ အားကစားပြိုင်ပွဲမှာ ပြိုင်ပွဲဝင်များ၊ အခြားနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ ကြိုဆိုသူများဟာ ၎င်းတို့ တစ်ဦးချင်းမဟုတ် နိုင်ငံသားများရဲ့ကိုယ်စား ဆောင်ရွက်ခြင်းဖြစ်တယ်လို့ အဓိပ္ပာယ်ရပါတယ်။ ၎င်းတို့ရဲ့ အောင်မြင်မှုများဟာလည်း နိုင်ငံသားများရဲ့ အောင်မြင်မှုဖြစ်ကြောင်း သိသာထင်ရှားစေပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဒီအပြင် အခြားအရေးပါတဲ့ အကြောင်းအရာများလည်း ရှိနေပါတယ်။ နိုင်ငံတော်အခမ်းအနားများမှာ နိုင်ငံတော်အလံကို တွေ့မြင်ရပြီး နိုင်ငံတော်သီချင်းကို ကြားလိုက်ရတဲ့အချိန်မှာ အခမ်းအနားတက်ရောက်သူများမှာ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်တွေ ပေါ်ပေါက်လာသလို၊ အားကစားပြိုင်ပွဲများမှာ အောင်မြင်မှုရတဲ့ အားကစားသမားများမှာလည်း နိုင်ငံအတွက် ဒီထက်ပိုပြီး ဂုဏ်ဆောင်နိုင်ရန် ဇွဲ၊ သတ္တိ၊ စိတ်ဓာတ်တွေ တက်ကြွလာနိုင်ပါတယ်။ ထိုနည်းတူစွာ နိုင်ငံရပ်ခြားကို ရောက်ရှိနေတဲ့ နိုင်ငံသားများဟာ မိမိ မိခင်နိုင်ငံရဲ့ နိုင်ငံတော်အလံနဲ့ နိုင်ငံတော်သီချင်းကို ကြားလိုက်ရတဲ့အချိန်မှာ အားငယ်စိတ်၊ သိမ်ငယ်စိတ်တွေ ပျောက်ပြီး တို့မှာအားကိုးစရာ တို့ရဲ့ အမိနိုင်ငံရှိပါလားဆိုတဲ့ အသိစိတ်တွေကြောင့် တိုင်းချစ်၊ ပြည်ချစ်စိတ်ထားများ ပွားများနိုင်ပါတယ်။ ရန်နိုင်ရန်ခက်ခဲလာတဲ့ အောင်မြင်မှုတွေ ရရှိတဲ့အခါ ပထမဆုံးလုပ်ဆောင်တဲ့အချက်ကတော့ မိမိနိုင်ငံတော်ရဲ့ အလံကိုစိုက်ထူခြင်းဖြင့် အောင်မြင်မှုကို အသိအမှတ်ပြုလေ့ရှိတာပါပဲ။ ခါကာဘိုရာဇီတောင်ထိပ်ကို ခက်ခက်ခဲခဲ တက်ရောက်နိုင်တဲ့ အောင်မြင်မှုရဲ့ သင်္ကေတအဖြစ် တောင်ထိပ်မှာ နိုင်ငံတော်အလံကို စိုက်ထူခဲ့ပါတယ်။ ထိုနည်းတူစွာ နိုင်ငံရဲ့ ရန်သူများကို တိုက်ခိုက်တဲ့ တိုက်ပွဲများမှာလည်း ရန်သူကို တိုက်ခိုက်အောင်မြင်ပြီး မိမိနိုင်ငံရဲ့ နိုင်ငံတော်အလံကို စိုက်ထူနိုင်မှသာ အောင်မြင်မှုပြီးပြည့်စုံတယ်လို့ ခံစားရပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်းက နိုင်ဝါဂျီးမားကျွန်းတိုက်ပွဲမှာ မိမိနိုင်ငံရဲ့အလံကို စိုက်ထူဖို့ ကြိုးပမ်းနေရတဲ့ တပ်သားများရဲ့ ပုံရုပ်တုဟာ ကမ္ဘာမှာထင်ရှားတဲ့ ပုံရိပ်တစ်ခုဖြစ်တာကိုကြည့်ရင် နိုင်ငံတော်အလံရဲ့ အရေးပါပုံကို သိရှိနိုင်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဘာသာရေးဆိုင်ရာ အထိမ်းအမှတ်များကလွဲပြီး သင်္ကေတ ပစ္စည်းတစ်ခုဖြစ်တဲ့ နိုင်ငံတော်အလံနဲ့ သီချင်းတစ်ပုဒ်သာဖြစ်တဲ့ နိုင်ငံတော်အလံနဲ့ သီချင်းတို့ဟာ သက်ရှိအသိဉာဏ်ရှိတဲ့ လူသားများဖြစ်တဲ့ နိုင်ငံသားများကို မျိုးချစ်စိတ်ဓာတ်များ ပြင်းပြစွာပေါ်ပေါက်လာစေခြင်း၊ ဆတက်ထမ်းပိုး တိုးပြီးကြိုးစားလိုစိတ်များ ပေါ်ပေါက်လာစေခြင်း၊ အားငယ်၊ သိမ်ငယ်တဲ့ စိတ်တွေပပျောက်ပြီး အမိနိုင်ငံအပေါ် အားကိုးအားထားပြုလိုစိတ်များ ပေါ်ပေါက်လာစေခြင်းစတဲ့ စိတ်ဓာတ်တက်ကြွအောင် ဖန်တီးပေးနိုင်စွမ်းရှိတဲ့အတွက် နိုင်ငံတော်အလံနဲ့ နိုင်ငံတော်သီချင်းတွေဟာ နိုင်ငံသားများအပေါ် လွှမ်းမိုးစေနိုင်ကြောင်း ထင်ရှားလှပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အလံရဲ့ ပုံစံနဲ့ပတ်သက်လို့ ရွေးချယ်ရာမှာ အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားပြီး ရွေးချယ်သင့်ပါတယ်–

(က) **မိမိနိုင်ငံရဲ့ ထူးခြားတဲ့ ဂုဏ်ထူးဝိသေသများကို ဖော်ပြနိုင်ရမည်။**

(ခ) **အခြားသောနိုင်ငံများရဲ့ အလံနဲ့ မှားယွင်းနိုင်တဲ့ ဆင်တူယိုးမှား ပုံစံမျိုးမဖြစ်သင့်ပါ။**

(ဂ) **ရှင်းလင်းလွယ်ကူပြီး မူလတန်းအဆင့် ကျောင်းသားကျောင်းသူများပင် အလွယ်တကူ နားလည် ရေးဆွဲနိုင်တဲ့ ပုံစံမျိုးဖြစ်သင့်ပါတယ်။ ငယ်စဉ်ကပင် နိုင်ငံချစ်စိတ်များ ဖြစ်ပေါ်စေတဲ့ အကျိုးကျေးဇူး ရရှိရန် ဖြစ်ပါတယ်။**

(ဃ) **အရွယ်စုံ၊ ဆိုက်စုံ ပြုလုပ်ရာမှာပဲဖြစ်စေ၊ ရေးဆွဲရာမှာပဲဖြစ်စေ အချိုးကျဖို့ လွယ်ကူပြီး တစ်ခုနှင့်တစ်ခု ထပ်တူညီဖြစ်တဲ့ ပုံစံမျိုးဖြစ်သင့်ပါတယ်။ အထက်ပါ အချက်များအပေါ် အခြေခံပြီး နိုင်ငံတော်အလံနှင့်ပတ်သက်၍ သီးခြားအကြံပြုလိုပါတယ်။**

အစိမ်း၊ အဝါ၊ အနီ အရောင်သုံးမျိုးဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကာလထဲက "သုံးရောင်ခြယ် ဒေါင်းလံ"များမှာ ပါဝင်ခဲ့တာဖြစ်သလို မြန်မာနိုင်ငံရဲ့ ထူးခြားတဲ့ ဂုဏ်ထူးဝိသေသများကို ပီပြင်အောင်ဖော်ပြနိုင်တဲ့အတွက် သင့်လျော်ပါကြောင်း အကြံပြုလိုပါတယ်။ ပြည်ထောင်စုကို ကိုယ်စားပြုတဲ့ ကြယ်ကြီးကိုတော့ အလံရဲ့ထိပ်မှာထားမယ့်အစား ပြည်ထောင်စုကြီးတစ်ခုလုံး စည်းလုံးညီညွတ်မှုသဘောကို ဖော်ဆောင်နိုင်ရန်အတွက် အလံရဲ့အလယ်တည့်တည့်၊ တစ်နည်းအားဖြင့် အဝါရောင်ရဲ့ အလယ်တည့်တည့်၊ ကြယ်ရဲ့ထိပ်စွန်းဟာ အစိမ်းရောင်ရဲ့ အောက်ခြေကိုထိပြီး ကြယ်ရဲ့ အောက်ခြေအစွန်းနှစ်ခုဟာ အနီရောင်ရဲ့ အပေါ်မျဉ်းကို ထိတဲ့နေရာမှာ ထားသင့်ပါတယ်။ ဒါမှလည်း စည်းလုံးညီညွတ်မှု သဘောကိုဆောင်ရုံမက အချိုးအစားအတိုင်း ရေးဆွဲရာမှာလည်း မှားယွင်းကွဲပြားမှုမရှိဘဲ တပြေးညီ ဖြစ်နိုင်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်တံဆိပ်နဲ့ ပတ်သက်လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့တဲ့ အချက်များဟာ သင့်လျော်တဲ့အတွက် သီးခြားအကြံပြုရန် မရှိပါကြောင်း တင်ပြလိုပါတယ်။ နိုင်ငံတော်သီချင်းနဲ့ ပတ်သက်လို့ လက်ရှိနိုင်ငံတော်သီချင်းဟာ နိုင်ငံတော်ရဲ့ ဂုဏ်ထူးဝိသေသများကို ဖော်ညွှန်းပေးထားသည့်အပြင် ဘိုး၊ ဘွားများရဲ့ အသက်၊ သွေး၊ ချွေးတို့ဖြင့် ရယူပေးခဲ့တဲ့အတွက် ချစ်မြတ်နိုးခြင်း၊ ပြည်ထောင်စုကြီးကို အသက်ပေးပြီး ကာကွယ်ခြင်း၊ နိုင်ငံရဲ့ အကျိုးကို ညီညာစွာ ထမ်းဆောင်လိုခြင်းဆိုတဲ့ အချက်များပါ ပါဝင်ခဲ့သလို

**ဖွဲ့စည်းပုံအခြေခံဥပဒေကို (၁၀)နှစ်ကြာ လက်တွေ့ကျင့်သုံးနိုင်ဖို့ လိုအပ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ သက်တမ်းဟာငါးနှစ်ဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော် သက်တမ်း(၂)ကြိမ်ဆိုရင် (၁၀)နှစ်ဖြစ်ပါတယ်။ ဒါ့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံတော်အခန်းအတွက် ပြဋ္ဌာန်းချက်များမှလွဲ၍ ကျန်အခန်းများအတွက် ပြဋ္ဌာန်းချက်များကို ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကုန်ဆုံးသည်အထိ ပြင်ဆင်ခြင်း မပြုရလို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်။**

နိုင်ငံတစ်ဝန်း ကြီးငယ်မရွေး နိုင်ငံသားများရဲ့ရင်ထဲမှာ စိမ့်ဝင်ပြီးဖြစ်တဲ့အတွက် လက်ရှိနိုင်ငံတော်သီချင်းကိုပဲ နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်၏မြို့တော်ကို သတ်မှတ်ရာမှာ "နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်"လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် စဉ်းစားရာမှာ–

(က) **နိုင်ငံတော်၏ နေရာအနှံ့အပြားနှင့် ဆက်သွယ်ရန်ကောင်းမွန်သည့် နေရာဒေသဖြစ်ခြင်း၊**

(ခ) **မြို့တော်တစ်ခု၏ အင်္ဂါရပ်နှင့်လျော်ညီသော အဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်မှု၊ သတင်းအချက်အလက် ဆက်သွယ်မှု၊ အစိုးရအဖွဲ့အစည်းများ အချင်းချင်းဆက်သွယ်မှု အစရှိသည်တို့ ပြည့်စုံလွယ်ကူစွာရှိခြင်း၊**

(ဂ) **နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်ကို ကိုင်တွယ်ကျင့်သုံးမယ့် အဖွဲ့အစည်းများ လွယ်ကူစွာ ဆက်သွယ်နိုင်ခြင်း၊**

(ဃ) **စီးပွားရေးအချက်အချာမြို့များတွင် ကြုံတွေ့နိုင်သည့် လူဦးရေထူထပ်များပြားသောကြောင့် လျှပ်စစ်ဓာတ်အား မလုံလောက်ခြင်း၊ ရေမလုံလောက်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းနှင့် အခြား အထွေထွေ ရှုပ်ထွေးမှုများမှ ကင်းရှင်းခြင်း စတဲ့အချက်များနဲ့ ကိုက်ညီခြင်း ရှိတဲ့အတွက် နေပြည်တော်အား နိုင်ငံတော်၏မြို့တော် ဖြစ်သင့်သည်"**

လို့ အသေးစိတ်အခြေခံရမည့် မူအဖြစ် သတ်မှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဒီနေရာမှာ သတိပြုစရာအချက်တစ်ခုကို တင်ပြလိုပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဝင်မယ့် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းနဲ့ ပတ်သက်လို့ ချမှတ်ပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့်မူတစ်ခုအဖြစ် ရန်ကုန်မြို့တော်အား ပြည်ထောင်စုနယ်မြေအဖြစ်သတ်မှတ်သည်လို့ ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီနေရာမှာ မြို့တော်ဆိုတဲ့ စကားလုံးအသုံးအနှုန်း သုံးထားတဲ့အတွက် ဒီအသေးစိတ်အခြေခံရမယ့်မူအား ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်ရန် လို၊ မလိုနှင့် နေပြည်တော်အား ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း သတိပြုစရာအချက်အဖြစ် တင်ပြလိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်တစ်ဝန်းလုံးမှာ တိုင်းရင်းသား လူမျိုးနွယ်စုများ အပါအဝင် နိုင်ငံသားများဟာ နေရာအနှံ့အပြားမှာ အခြေချနေထိုင်လျက် ရှိကြပါတယ်။ ဒီလို နေရာအနှံ့အပြား နေထိုင်ရာမှာလည်း လူမျိုးနွယ်စုအလိုက်ဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ တစ်ဦးချင်းအလိုက်ဖြစ်စေ၊ ဘာသာရေးဆိုင်ရာ ကိုးကွယ်ယုံကြည်မှုတွေ၊ နိုင်ငံရေးဆိုင်ရာ သဘောတရား ခံယူချက်တွေ၊ စီးပွားရေးဆိုင်ရာ အမြင်နဲ့ ရည်မှန်းချက်တွေ အမျိုးမျိုးကွဲပြားခြားနားကြမှာ ဖြစ်ပါတယ်။ ဒီလိုကွဲပြားမှုတွေ ဘယ်လောက်ပဲရှိရှိ၊ လေမှာ တလူလူလွင့်နေတဲ့ နိုင်ငံတော်အလံရဲ့ အောက်မှာ နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုလိုက်ရတဲ့ အချိန်မှာတော့ ကွဲပြားခြားနားမှုတွေကို မေ့ပျောက်ပြီး တစ်စိတ်တည်း၊ တစ်ဝမ်းတည်း စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်ရင်း ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးလည်မသုန် ဆတက်ထမ်းပိုး ကြိုးပမ်းသွားကြမယ်လို့ ယုံကြည်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။



**တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးသိမ်းကြည် တစ်သီးပုဂ္ဂလကိုယ်စားလှယ် ခြောက်ဦး တို့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

လေးစားအပ်ပါသော သဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊အမျိုးသားညီလာခံ ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရွေးချယ်ခံအစုအဖွဲ့မှာ ပါဝင်တဲ့ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ရွေးချယ်ခံ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးသိမ်းကြည် ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆက်လက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ ပါဝင်မယ့် ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ အခန်းနဲ့ စပ်လျဉ်းပြီး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားချက်များအပေါ် အကြံပြုဆွေးနွေး တင်ပြသွားပါမယ်။

**သဘာပတိကြီးခင်ဗျား–**

ကူးပြောင်းရေးကာလဆိုတာ အခြေအနေအဟောင်းတစ်ခုမှ အခြေအနေအသစ်တစ်ခုသို့ ကူးပြောင်းခြင်း၊ စနစ်တစ်ခုမှ စနစ်သစ်တစ်ခုသို့ ကူးပြောင်းခြင်းလုပ်ငန်းစဉ်မှာ အခြေအနေအသစ်တစ်ခု၊ စနစ်သစ်တစ်ခု ဖြစ်ပေါ်မယ့်အချိန်အထိ၊ လိုအပ်တဲ့အစီအမံများကို ဆောင်ရွက်ရတဲ့ကာလ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဟာကွက်၊ ပျော့ကွက်၊ အားနည်းချက်မရှိအောင် အထူးသတိထားပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတော်အာဏာကြီး (၃)ရပ်ဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို လွှဲပြောင်းပေးရမယ့်ကိစ္စမျိုးဆိုရင် ပိုပြီးသတိထားဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အဟောင်းကနေဖွဲ့စည်းပုံ အခြေခံဥပဒေ အသစ်ကို ကူးပြောင်းမယ်ဆိုရင်တော့၊ ကူးပြောင်းတဲ့အချိန်မှာ ဖွဲ့စည်းပုံ အခြေခံဥပဒေအဟောင်းအရ ရှိပြီးဖြစ်တဲ့လွှတ်တော်၊ အစိုးရအဖွဲ့၊ တရားရေးဌာနများရှိပြီးဖြစ်တဲ့အတွက်၊ ကူးပြောင်းရာမှာ လွယ်ကူနိုင်တယ်လို့ ယေဘုယျအားဖြင့် ဆိုနိုင်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိတဲ့ အခြေအနေမှ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမယ့် အာဏာ(၃)ရပ်ကို ကိုင်တွယ်ကျင့်သုံးမယ့် အဖွဲ့အစည်းများကို လွှဲပြောင်းရာမှာ အာဏာ(၃)ရပ်စလုံးကို ကိုင်တွယ်ကျင့်သုံးတဲ့ အဖွဲ့အစည်းက လွှဲပြောင်းပေးရမှာဖြစ်တဲ့ လွှဲပြောင်းရေးလုပ်ငန်းစဉ်တွေဟာ တိကျ၊ ပြတ်သား၊ ရှင်းလင်း၊ လွယ်ကူဖို့ အရေးကြီးသလို တိုင်းပြည်ရဲ့ ပကတိအခြေအနေများနဲ့လည်း အံဝင်ခွင်ကျဖြစ်ဖို့ လိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေမှာ ပြည်ထောင်စုသားအားလုံး မျှော်လင့်တောင့်တနေကြတဲ့ စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားတဲ့ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီနဲ့အတူ တိုင်းချစ်၊ ပြည်ချစ်စိတ်ရှိတဲ့၊ နိုင်ငံသားအားလုံးလက်တွဲ ကြိုးပမ်းနေကြတဲ့အချိန်ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ ကြိုးပမ်းချက်တွေ အကောင်အထည်ပေါ်တဲ့နေ့မှာ နိုင်ငံတော် အာဏာ(၃)ရပ်ကို ကိုင်တွယ်ကျင့်သုံးတဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီကဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပေါ်ပေါက်လာမယ့် နိုင်ငံတော် အချုပ်အခြာအာဏာ(၃)ရပ်ကို ကိုင်တွယ်

စာမျက်နှာ ၈ ကော်လံ ၁ သို့

# တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ အတည်ဖြစ်သည်

စာမျက်နှာ ၇ မှ

ကျင့်သုံးမယ့် အဖွဲ့အစည်းများသို့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို လွှဲပြောင်းပေးရမှာဖြစ်ပါတယ်။ ဒီလို လွှဲပြောင်းပေးရာမှာ အာဏာ(၃)ရပ် စဉ်ဆက်မပြတ်စေရေးအတွက် အထူးဂရုစိုက်ရမှာ ဖြစ်သလို အောက်ပါအချက်များကိုလည်း အလေးထား စဉ်းစားရမှာ ဖြစ်ပါတယ်–

**(က) ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာမတည်မီက ဆောင်ရွက်ခဲ့တဲ့ ကိစ္စများကိုမည်ကဲ့သို့ သတ်မှတ်မည်နည်း။**

**(ခ) တည်ဆဲအစိုးရသည် အာဏာ(၃)ရပ်ကို မည်သည့်အချိန်ထိ ကိုင်တွယ်ကျင့်သုံးမည်နည်း။**

**(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကရှိခဲ့ပြီးသည့် တရားရုံးများ၊ အဖွဲ့အစည်းများ၊ ဝန်ထမ်းများကိုမည်သို့ သတ်မှတ်မည်နည်း**

စတဲ့ အချက်များပဲဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အထက်ဖော်ပြပါအချက်များကို အလေးထားစဉ်းစားပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့တဲ့ စုစည်းချက်အပိုဒ်များဖြစ်တဲ့–

**၁။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒမဲခံယူပွဲတွင် မဲဆန္ဒပေးပိုင်ခွင့် ရှိသူအားလုံး၏ ထက်ဝက်ကျော် မဲဆန္ဒဖြင့် အတည်ပြု ပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်။**

**၃။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်သည့်နေ့ မတိုင်မီကာလတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။**

**၄။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံသည်။**

**၆။ တည်ဆဲနည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရက ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။**

**၇။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများ မပေါ်ပေါက်မီ ဆက်လက်၍ တရားစီရင်ပိုင်ခွင့် အာဏာများ၊ သုံးစွဲဆောင်ရွက်ရမည်။ အဆိုပါ တရားရုံးများတွင် မပြီးမပြတ် ကျန်ရှိနေသေးသော တရားမမှုများ၊ ပြစ်မှုဆိုင်ရာ အမှုများနှင့် အခွန်တော်အမှုများကို အမှုစတင်စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများနှင့်အညီ ဆက်လက်စစ်ဆေးစီရင်ရမည်။**

**၈။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာစတင်တည်သည့်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်အောက်၌ ဖွဲ့စည်းထားရှိသည့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက် တည်ရှိစေရမည်။**

စသည်တို့ဟာ သင့်လျော်ပြည့်စုံတဲ့အတွက် အသေးစိတ်အခြေခံရမယ့်မှုများအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားချက်မှာ ပါဝင်တဲ့ အပိုဒ်၂နဲ့ အပိုဒ် ၅တို့ကို သီးခြား အကြံပြုချက်များအဖြစ် တင်ပြလိုပါတယ်။

အပိုဒ် ၂ မှာ ဖော်ပြထားချက်ကတော့–

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးမကျင်းပမီ ကာလအတွင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်"**

လို့ ပါရှိပါတယ်။

ဒီဖော်ပြချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေး ကျင်းပသည့် အချိန်ထိသာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ခံယူကျင့်သုံးမည့် သဘောမျိုး သက်ရောက်နေပါတယ်။ ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေး ကျင်းပရုံနဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ(၃)ရပ်ကို လွှဲပြောင်းပေးနိုင်ဖို့ အဆင်သင့် မဖြစ်သေးပါဘူး။ ပြည်ထောင်စုလွှတ်တော်က အုပ်ချုပ်ရေး အကြီးအကဲဖြစ်တဲ့ သမ္မတကို ရွေးချယ်လက်ခံရပါမယ်။ သမ္မတကို ရွေးချယ်ပြီးတဲ့ အခါမှာ နိုင်ငံတော်သမ္မတဟာ သူ့ရဲ့အစိုးရအဖွဲ့ကို ဖွဲ့စည်းရမှာ ဖြစ်သလို၊ တရားစီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးမယ့် နိုင်ငံတော် တရားသူကြီးချုပ်ကို ခန့်အပ်တာဝန်ပေးရမှာ ဖြစ်ပါတယ်။ ဒီအချိန်ကျမှသာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ(၃)ရပ်ကို တာဝန်ယူမယ့် အဖွဲ့အစည်းတွေဟာ တာဝန်စတင်ထမ်းဆောင်ရန် အဆင်သင့် ဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့် အပိုဒ် ၂ပါ စာသားများ အစား–

**"ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ခံရသော နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး များကို တာဝန်ယူကျင့်သုံးရမည့် အဖွဲ့အစည်းများ စတင်တာဝန်ထမ်းဆောင်သည့်နေ့အထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်"**

ဟု ပြင်ဆင်ပြောင်းလဲ၍ အသေးစိတ် အခြေခံရမယ့်မှုအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အပိုဒ် ၅ပါ ဖော်ပြချက်မှာ–

**"တည်ဆဲ ဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်"**

လို့ ဖော်ပြပါရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်သည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးမပေါ်မီကာလအထိ၊ ဥပဒေတစ်ခုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်ခြင်း ရှိမရှိဆိုတာကို အဆုံးအဖြတ်ပေးနိုင်တဲ့ အာဏာပိုင် အဖွဲ့အစည်းမရှိပါဘူး။ ဒီကြားကာလမှာ တည်ဆဲဥပဒေများဟာ ဆက်လက် တည်ရှိနေဖို့ လိုအပ်တဲ့အတွက် အပိုဒ် ၅ ပါစာသားများမှ **"ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ"**ဟူသော စာသားကို ပယ်ဖျက်ပြီး **"တည်ဆဲ ဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီအတည်ဖြစ်သည်"**

ဟု အသေးစိတ်အခြေခံရမယ့်မှုအဖြစ် ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အတွက် အသက်တမျှအရေးကြီးတဲ့ နိုင်ငံတော်အာဏာ(၃)ရပ်ကို လွှဲပြောင်းပေးရာမှာ လွှဲပြောင်းပေးသူက စနစ်တကျ လွှဲပြောင်းပေးသလို၊ လက်ခံသူမှလည်း စနစ်တကျ လက်ခံယူဖို့လိုပါတယ်။ ဒါမှသာ အာဏာလွှဲပြောင်းရေးလုပ်ငန်းစဉ်များဟာ တည်ငြိမ်ချောမွေ့ညင်သာမှာ ဖြစ်ပါတယ်။ ဒီလို လွှဲပြောင်းရာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ကာကွယ်ပေးဖို့ ပေါ်ပေါက်လာတာဖြစ်လို့ တည်ဆဲအဖွဲ့အစည်းတွင် ပါဝင်တဲ့ နိုင်ငံသားများ နစ်နာမှုမရှိစေဖို့ ဂရုစိုက်ဆောင်ရွက်ပေးရမှာ ဖြစ်တယ်လို့ ပြောကြားလိုပါတယ်။ ဆက်လက်ပြီး အထွေထွေပြဋ္ဌာန်းချက်များ အခန်းခေါင်းစဉ်နဲ့ ပတ်သက်လို့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းပြောကြားချက်များအပေါ် အကြံပြုတင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျင်းပနေတဲ့ အမျိုးသားညီလာခံကြီးကနေ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ်အခြေခံရမယ့်မှုများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများ ကြိုးပမ်းဆောင်ရွက်လာခဲ့တာ ယခုဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါဝင်မည့်ခေါင်းစဉ် (၁၅) ခုအနက် နောက်ဆုံးခေါင်းစဉ်ဖြစ်တဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းတွင် ပါဝင်သင့်တဲ့ အသေးစိတ်အခြေခံ

**ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းခံရသော နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးများကို တာဝန်ယူကျင့်သုံးရမည့် အဖွဲ့အစည်းများ စတင်တာဝန်ထမ်းဆောင်သည့်နေ့အထိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်။**

ရမယ့်မှုများကို ဆွေးနွေးအကြံပြုရမှာ ဖြစ်ပါတယ်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အထွေထွေပြဋ္ဌာန်းချက်များ အခန်းနှင့် ပတ်သက်လို့ ရှင်းလင်းပြောကြားချက်များကို ကျွန်တော်တို့အနေနဲ့ အသေးစိတ်လေ့လာခဲ့ကြပါတယ်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းပြောကြားချက်များဟာ ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယခုအခြေအနေနဲ့ရော အနာဂတ်အခြေအနေနဲ့ပါ လိုက်လျောညီထွေ ရှိနေတာကို တွေ့ရှိရပါတယ်။ ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံအတွင်းရှိ အခြားဥပဒေအားလုံးရဲ့ ကျောရိုးမဏ္ဍိုင် ဥပဒေဖြစ်ဖို့လိုသလို၊ အခြားဥပဒေများဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိဖို့ လိုအပ်ပါတယ်။ ၁၉၉၃ ခုနှစ် ဇန်နဝါရီလ(၁၆)ရက်နေ့က ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးက အထွေထွေပြဋ္ဌာန်းချက်များအခန်းနဲ့ စပ်လျဉ်းပြီး အခြေခံမူများ ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအခြေခံမူများကတော့–

**"၂။ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။**

**၃။ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင် လည်းကောင်း၊ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် အခြား ဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များ ဖြစ်သည်"**

လို့ ချမှတ်ထားခဲ့တာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာစာဖြင့် ရေးသားထားတဲ့ စာမူကိုသာ အတည်ပြုပြဋ္ဌာန်းမှာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိတဲ့စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုတဲ့အခါ မြန်မာစာဖြင့် ရေးသားထားချက်များကိုသာ အဓိပ္ပာယ်ဖွင့်ဆိုသင့်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုရာမှာလည်း အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေကို ကိုးကားသင့်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းမှတ်တိုင် ဖြစ်ပါတယ်။ အဲဒီလိုသမိုင်းမှာ တန်ဖိုးကြီးမားလှတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မြန်မာစာမူကို အမျိုးသားမော်ကွန်းတိုက်မှာ မော်ကွန်းတင်ထားရှိဖို့ လိုအပ်သလို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များဟာ အပြီးအပြတ် သက်သေတည်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားတဲ့ စုစည်းတင်ပြချက် အပိုဒ် ၁မှ အပိုဒ်၆ထိကို အသေးစိတ်အခြေခံရမယ့်မှုများအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိကြောင်း၊ သတ်မှတ်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေအနက် လုပ်ငန်းတစ်ခုခုကို နိုင်ငံတော်ရဲ့ အကျိုးစီးပွားအလို့ငှာ လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် သမဝါယမအဖွဲ့အစည်း သို့မဟုတ် တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့အား စည်းကမ်းသတ်မှတ်ချက်များနဲ့အညီ လုပ်ကိုင်ဆောင်ရွက်စေဖို့ လိုအပ်ပါတယ်။ ဒါမှသာ ဈေးကွက်စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေဖြစ်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့်–

**"၇။ ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်း တစ်ရပ်ရပ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ–**

**(က) တိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်။**

**(ခ) သမဝါယမအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မှုအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်မှာ နိုင်ငံရေးအရ အပြောင်းအလဲတွေ ဖြစ်တတ်စမြဲပါ။ ထိုသို့ အပြောင်းအလဲမှု ဖြစ်ပေါ်လာတိုင်း အဲဒီအချိန်က အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များ ရှိကြပါတယ်။ အဲဒီစာချုပ်များ၊ သဘောတူညီချက်များကို လေးစားပါက နောင်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အရ ပေါ်ပေါက်လာတဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရအနေနဲ့လည်း လေးစားရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာမတည်မီက ချုပ်ဆိုထားခဲ့တဲ့ ပဋိညာဉ်များ၊ တာဝန်များနဲ့ စပ်လျဉ်း၍ဖြစ်စေ၊ နစ်နာဆုံးရှုံးမှုအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအား တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်လာလျှင် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အရ ပေါ်ပေါက်လာတဲ့အစိုးရအား တရားစွဲဆိုခွင့် ပေးသင့်ပါကြောင်း၊ တစ်ဖန်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာပြီးနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေနဲ့လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ အမည်နဲ့ တရားစွဲဆိုခြင်းခံနိုင်ရမှာ ဖြစ်ကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းပြောကြားခဲ့သည်မှာ ပြီးပြည့်စုံပြီး သင့်လျော်ပါသဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားတဲ့ စုစည်းတင်ပြချက် အပိုဒ် ၈နှင့် အပိုဒ် ၉ အပိုဒ်ခွဲ (က) နှင့် (ခ) တို့ဟာ အသေးစိတ်အခြေခံရမယ့်မှုများအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့ဖို့ လိုအပ်ပါတယ်။ ထိုသို့ ဖွဲ့စည်းရာမှာလည်း ခုံရုံးဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေ မည်မျှပါသင့်တယ်၊ အဖွဲ့ဝင်တို့မှာ ရှိသင့်တဲ့ အရည်အချင်း၊ အဖွဲ့ဝင်များ သက်တမ်းသတ်မှတ်ထားရှိရေး၊ အသက်အရွယ် စသည်တို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည်မှာ ပြီးပြည့်စုံပြီး လျော်ကန်သင့်မြတ်၍ အကြောင်းအကျိုးညီညွတ်ပါသဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားတဲ့ စုစည်းတင်ပြချက် အပိုဒ် ၁၀မှ အပိုဒ် ၁၄ထိကို အသေးစိတ် အခြေခံရမယ့်မှုများအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသက်တမ်းသည် (၅)နှစ်ဖြစ်သင့်ပါတယ်။ ဒါမှလည်း ပြည်ထောင်စုလွှတ်တော်သက်တမ်းနဲ့ လိုက်လျောညီထွေဖြစ်မှာပါ။ အခြေခံဥပဒေဆိုင်ရာ ခုံရုံး သက်တမ်း ကုန်ဆုံးသွားသော်လည်း နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအသစ်ဖွဲ့စည်းပြီးသည့် အထိ တာဝန်ပေးသင့်ပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသက်တမ်းနဲ့စပ်လျဉ်းပြီး **"အပိုဒ် ၁၅၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ (၅)နှစ်ဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော် သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအသစ်ဖွဲ့စည်းပြီးသည့် အချိန်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ဆက်လက်တာဝန်ထမ်းဆောင်ရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မှုအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းဖြစ်ရင်လည်း အငြိမ်းစားယူရမှာဖြစ်ကြောင်း၊ နိုင်ငံရေးပါတီဝင်တစ်ဦးဖြစ်ခဲ့ရင်လည်း သက်ဆိုင်ရာပါတီရဲ့

လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်မပြုသင့်ကြောင်း၊ ခုံရုံးအဖွဲ့ဝင်တစ်ဦးသည် သက်တမ်းမကုန်ဆုံးမီ နုတ်ထွက်လိုလျှင် သမ္မတထံ စာဖြင့်တင်ပြပြီး နုတ်ထွက်ခွင့်ပေးသင့်ကြောင်း၊ လစ်လပ်သောနေရာတွင် အဖွဲ့ဝင်အသစ်ခန့်ထားနိုင်ရေးတို့ကို လုပ်ငန်းကော်မတီဥက္ကဋ္ဌက အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ယင်းရှင်းလင်း ပြောကြားချက်များသည် ပြီးပြည့်စုံ၍ လျော်ကန်သင့်မြတ်ပါသဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက် အပိုဒ် ၁၆ အပိုဒ်ခွဲ(က) (ခ) (ဂ)တို့နှင့် စုစည်းတင်ပြချက်အပိုဒ် ၁၇ နှင့် အပိုဒ် ၁၈ တို့သည် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းတို့နှင့် စပ်လျဉ်း၍လည်း အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို မလိုက်နာခြင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်းတို့ကို အကျယ်တဝင့် ရှင်းလင်းဖော်ပြခဲ့သည်မှာ ကြောင်းကျိုးညီညွတ်ဆီလျော်သည်ကို တွေ့ရှိရပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးနဲ့စပ်လျဉ်းပြီး အခြေခံရမယ့်မူများလည်း ချမှတ်ထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်များနဲ့ ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများသည်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ၊ မရှိစိစစ်ခြင်း၊ ပြည်ထောင်စုနှင့် ပြည်နယ်တိုင်းဒေသကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့အကြားတွင်လည်းကောင်း၊ တိုင်းဒေသကြီး အချင်းချင်း၊ ပြည်နယ်အချင်းချင်းသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်းဖြစ်ပေါ်သည့် ဖွဲ့စည်းပုံဆိုင်ရာ အငြင်းပွားမှုများကို ကြားနာဆုံးဖြတ်ခြင်းအစရှိသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များကို ရှင်းလင်း ပြောကြားခဲ့သည်မှာ ပြီးပြည့်စုံပြီး လျော်ကန်သင့်မြတ်လှပါသဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက် အပိုဒ် ၁၉ (က) အပိုဒ်ခွဲ ၁၊ ၂၊ ၃၊ ၄၊ ၅ နှင့် အပိုဒ်ခွဲ (ခ)တို့သည်လည်းကောင်း၊ အပိုဒ် ၂၀ အပိုဒ်ခွဲ (က) (ခ) (ဂ) (ဃ) (င) (စ) (ဆ) တို့သည်လည်းကောင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တရားရုံးများသည် ပြစ်မှုဆိုင်ရာအမှုများနှင့် တရားမမှုများကို တည်ဆဲဥပဒေများနှင့်အညီ စစ်ဆေးစီရင်ရပါတယ်။ တရားရုံးက မိမိစစ်ဆေးစီရင်တဲ့အမှုတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ၊ မရှိ အငြင်းပွားမှုပေါ်ပေါက်လာရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကသာ အဆုံးအဖြတ် ပေးသင့်ကြောင်း၊ တရားရုံးအနေနဲ့ မိမိစစ်ဆေးတဲ့အမှုကို ရပ်ဆိုင်းထားရမှာဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အဆုံးအဖြတ်အတည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်သည် ပြီးပြည့်စုံနေကြောင်းလေ့လာတွေ့ရှိရပါတယ်။ တစ်ဖန် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏အဓိပ္ပာယ် ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရမည့် ပုဂ္ဂိုလ်များနှင့် နည်းလမ်းများကို လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များသည် လျော်ကန်သင့်မြတ်လှပါတယ်။ သို့ပါ၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက် အပိုဒ် ၂၁၊ ၂၂နှင့် အပိုဒ် ၂၃ အပိုဒ်ခွဲ (က) (ခ) (ဂ) (ဃ) (င) (စ)နှင့် အပိုဒ် ၂၄ အပိုဒ်ခွဲ (က) (ခ) (ဂ) (ဃ) တို့သည် အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းခြင်း၊ အခြားအဖွဲ့များနှင့် ဆက်သွယ်မှုများ၊ ခုံရုံးဥက္ကဋ္ဌနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များအတွက် ပြည်ထောင်စုလွှတ်တော်က ဥပဒေပြဋ္ဌာန်းပေးသင့်ပါတယ်။ အဲဒီလို ဥပဒေပြဋ္ဌာန်းတဲ့အခါ မိုငြမ်းပြုနိုင်ဖို့ ခုံရုံးဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်ပြီး ခုံရုံးအဖွဲ့ဝင်များကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်ပေးသင့်ပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအတွက် လိုအပ်သော ဥပဒေပြဋ္ဌာန်းပေးရာတွင် ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဆင့် သတ်မှတ်ပေးရေးတို့နဲ့ စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ စုစည်းတင်ပြချက် အပိုဒ်များဖြစ်တဲ့–

**"၂၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ဖွဲ့စည်းမှု၊ ဆက်သွယ်မှု၊ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ စသည်တို့ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။**

**၂၆။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အခါ မိုငြမ်းပြုနိုင်ရေးအတွက် ခုံရုံးဥက္ကဋ္ဌကို ဒုတိယ သမ္မတအဆင့် သတ်မှတ်သည်။ ခုံရုံးအဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်"**

တို့အား အသေးစိတ်အခြေခံရမယ့်မူများချမှတ်ရန် သင့်လျော်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာပါဝင်တဲ့ အခန်းလိုက်ခေါင်းစဉ်များ အနက် နောက်ဆုံးခေါင်းစဉ်များဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်း ခေါင်းစဉ်များနဲ့ စပ်လျဉ်းပြီး ကျွန်တော်တို့အားလုံး ဆွေးနွေးအကြံပြုပြီးကြပါပြီ။ ဒီညီလာခံကြီးက ချမှတ်တဲ့ အသေးစိတ်အခြေခံရမယ့်မူများအပေါ် အခြေခံပြီး ပြည်သူ၊ ပြည်သားများ မျှော်လင့်တောင့်တနေကြတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးဟာ မဝေးတော့တဲ့ ကာလမှာ ပေါ်ပေါက်လာတော့မှာ ဖြစ်ပါတယ်။ ဒီရည်မှန်းချက် အောင်မြင်ရေးအတွက် ကျွန်တော်တို့ အားလုံးဟာ နိုင်ငံတော်ရဲ့ နေရာအနှံ့အပြားမှ မိမိတို့ရဲ့ မိသားစုများ၊ စီးပွားရေး လုပ်ငန်းများကို ခွဲခွာပြီး မိမိတို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ ကြိုးပမ်းခဲ့ကြပြီးပါပြီ။ ကျွန်တော်တို့အားလုံး ဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်စရာ ဖြစ်ပါတယ်။ ဒီလို ကြိုးပမ်းရာမှာ လွယ်ကူအောင်မြင်နိုင်စေဖို့ အတွက်–

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးစွာ တွေ့ဆုံဆွေးနွေးရန် စီစဉ်ပေးခြင်း၊ ညီလာခံရဲ့ လုပ်ငန်းစဉ်များကို အဆင်ပြေချောမွေ့စေရန် စီစဉ်ပေးခြင်း၊ ညီလာခံကိုယ်စားလှယ်များရဲ့ အခက်အခဲများကို နားလည်မှုအပြည့်ဖြင့် ဖြေရှင်းပေးခြင်းတို့ကို စေတနာအပြည့်နဲ့ ဆောင်ရွက်ပေးခဲ့တဲ့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌကြီးနဲ့ အဖွဲ့ဝင်များကိုလည်းကောင်း။

ညီလာခံကိုယ်စားလှယ်ကြီးများ ဆင်ခြင်၊ စဉ်းစား၊ သုံးသပ်၊ အကြံပြုနိုင်ရန်အတွက် လိုအပ်တဲ့ အချက်အလက်များကို ပြည့်စုံသည်ထက် ပြည့်စုံစွာ ရှာဖွေစုဆောင်းပြီး စုံညီ ညီလာခံကြီးများမှာ ရှင်းလင်းပြောကြားပေးခဲ့တဲ့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးနဲ့ အဖွဲ့ဝင်များကိုလည်းကောင်း။

ညီလာခံကိုယ်စားလှယ်များရဲ့ နေရေး၊ စားရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး၊ သွားလာရေးနဲ့ အပန်းဖြေရေးပါမကျန် အကွက်စေ့အောင် ဆောင်ရွက်ပေးခဲ့တဲ့ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌကြီးနဲ့ အဖွဲ့ဝင်များကိုလည်းကောင်း၊ အမျိုးသားညီလာခံအောင်မြင်ရေးအတွက် ညီလာခံကိုယ်စားလှယ်ကြီးများနည်းတူ မိသားစုများနဲ့ ခွဲခွာပြီး နေ့မအား၊ ညမအား အမျိုးမျိုးသော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ပေးခဲ့ကြတဲ့ ဝန်ထမ်းများကိုလည်းကောင်း လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

**"တစ်လှေတည်းစီး တစ်ခရီးတည်းသွား"**ဆိုသလို ကျွန်တော်တို့ အားလုံးစီးနင်းလိုက်ပါလာခဲ့ကြတဲ့ လှေကြီးဟာ မကြာမီ အောင်မြင်မှုပန်းတိုင် ဆိပ်ကမ်းသို့ ဆိုက်ရောက်တော့မှာ ဖြစ်ပါတယ်။ ဒီဆိပ်ကမ်းကို ရောက်ရှိတဲ့အခါမှာ ကျွန်တော်တို့ အားလုံး တစ်ဦးနဲ့တစ်ဦး ခွဲခွာပြီး မိမိတို့နေရာဒေသ အသီးသီးသို့ ပြန်ကြရတော့မှာ ဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့အားလုံးရဲ့ ရင်ထဲမှာ ကြေကွဲဝမ်းနည်းမှုတွေ ခံစားကြရမယ်လို့ ယုံကြည်မိပါတယ်။ သို့သော်လည်း အကယ်၍များ နောင်တစ်ချိန်မှာ နိုင်ငံအကျိုး၊ နိုင်ငံသားများရဲ့ အကျိုးကို ဆောင်ရွက်ရမယ့် ကိစ္စရပ်များ ပေါ်ပေါက်လာခဲ့ရင် ကျွန်တော်တို့အားလုံး ဒီညီလာခံကြီးမှာ ရရှိခဲ့ကြတဲ့ စည်းလုံးညီညွတ်မှု၊ ညှိနှိုင်းတိုင်ပင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ထက် မလျော့သောစိတ်ဓာတ်နဲ့ ကြိုးပမ်းဆောင်ရွက်ကြမယ်လို့ ယုံကြည်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

# (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။



# ရန်ကင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး၊ စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၆ ခုနှစ် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးနှင့် ၁၃၆၈ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၅ရက်က ရန်ကင်း ပညာရေးကောလိပ်ခန်းမ၌ကျင်းပရာ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ တင်အောင်ရွှေ(သုတေသီ)၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ခင်မောင်ထွန်း (လမ်းမတော်) **(ဝဲပုံ)**နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်တို့က အမှာစကားပြောကြားကြသည်။

<u>ဖတ်ကြားတင်ပြ</u>

ထို့နောက် မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးလှတိုး(တိုးတက်)က ၂၀၀၆ခုနှစ် အမှုဆောင် ကော်မတီ၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြပြီး လစ်လပ်လျက်ရှိသည့် အမှုဆောင်တစ်ဦးအတွက် ဒေါ်တင်တင်ဝင်း (တင်တင်ဝင်း–ဗိုလ်ချုပ်မြေ)အား ရွေးချယ်တင်မြှောက်ကြသည်။

ယင်းနောက် ၁၃၆၈ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ဆရာမကြီး စောမုံညင်း၊ မောင်စိန်ဝင်း (ပုတီးကုန်း)နှင့်တင်အောင်ရွှေ (သုတေသီ) တို့က စာပေရေးရာများကို ဟောပြောကြသည်။ **(သတင်းစဉ်)**

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သောမိဘများအားအမှူးထား၍ တောင်အာဖရိကနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအုန်းသွင်–ဒေါ်စမ်းစမ်းနွယ်၊ သား မောင်ကျော်ဇေစိုး၊ မောင်ကျော်ဇင်စိုး–မမိုးသူဇာစိုး၊ သမီး မလင်းနန္ဒာသွင် မိသားတို့က အလှူတော်ငွေကျပ် တစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘောလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ အမှုဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒနီ) ဖုန်း–၅၃၇၅၉၇ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# သစ်သီးဝလံတန်ဖိုးမြှင့် အသုံးချနည်းပညာ အခြေခံသင်တန်း ဖွင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်း သီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးနှင့် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းတို့ ပူးပေါင်း စီစဉ်မှုဖြင့် သစ်သီးဝလံတန်ဖိုးမြှင့်အသုံးချနည်းပညာ အခြေခံသင်တန်းအမှတ်စဉ်(၁)ကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၈ရက်မှ ၁၄ရက်အထိ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရိတ်သိမ်းချိန်လွန် နည်းပညာ အသုံးချဌာန သင်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်မြင်ပြီး အသက်၂၅နှစ်နှင့် ၅၅နှစ် အကြားရှိ သင်တန်းသားဦးရေ ၇၀တို့အား လက်ခံပို့ချပေးမည်ဖြစ်သည်။

<u>နောက်ဆုံးထား</u>

သင်တန်း တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း အမှတ် (၂၆၂/၂၆၄) ပြည်လမ်း စမ်းချောင်းမြို့နယ် ဒဂုန်စင်တာ Block (A) ခြောက်ထပ် ရန်ကုန်မြို့ ဖုန်း–၅၀၃၅၁၅၊ ၅၀၃၅၁၆ မှ ၅၀၃၅၁၉ အထိ လိုင်းခွဲ (၁၁၃)တွင် လျှောက်လွှာထုတ်ယူပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁ ရက်နောက်ဆုံးထား၍ ပြန်လည် ပေးပို့ရမည်ဖြစ်သည်။

**(သတင်းစဉ်)**



# အမှုဆောင်များ အခြေခံစည်းရုံးရေး သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အမှုဆောင်များ အခြေခံ စည်းရုံးရေး သင်တန်းအမှတ်စဉ် (၁၂/၂၀၀၆) ဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က သံဖြူဇရပ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးခန်းမ၌ ကျင်းပရာ သံဖြူဇရပ် တပ်နယ်မှ ဗိုလ်မှူးကြီးတင်ထွန်းအောင်က အမှာစကား ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးမျိုးညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးနိုင်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ နည်းပြဆရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်ကွက်ကျေးရွာ အုပ်စုများမှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင် သင်တန်းသား၊ သင်တန်းသူ ၄၅ ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဥက္ကံအသင်း(ရန်ကုန်)ဂုဏ်ပြုပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ဥက္ကံမြို့မလူမှုရေးအသင်း(ရန်ကုန်)၏ နိုင်ငံတော်ဘွဲ့ထူးဂုဏ်ထူးရ ပုဂ္ဂိုလ်များ ချီးကျူးဂုဏ်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ် စည်းဝေးပွဲတို့ကို ၂၀၀၇ခုနှစ် ဇန်နဝါရီ၂ရက် နံနက် ၉နာရီတွင် မြေနီကုန်း ပြည်လမ်းရှိ မစိုးရိမ်ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

၂၀၀၇ခုနှစ် နိုင်ငံတော် ဘွဲ့ထူး ဂုဏ်ထူးရ ဥက္ကံနယ်သားများ၊ အသက် ၇၅နှစ်ပြည့်ပြီးသော အသင်းဝင်များ၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သော အသင်းဝင်သားသမီးများသည် အသင်းဒုတိယဥက္ကဋ္ဌ ဦးချူဝမ် ဖုန်း–၅၄၆၁၅၀၊ အတွင်းရေးမှူး ဦးမောင်မောင်သန်း ဖုန်း–၅၂၆၅၆နှင့် တွဲဖက်အတွင်းရေးမှူးဦးအောင်မြင့် ဖုန်း–၅၃၇၄၃၇တို့သို့ ဆက်သွယ်အကြောင်းကြားရန်နှိုးဆော်ထားသည်။ အသင်းဝင်များနှင့်ဝင်လိုသူများ အစည်းအဝေးသို့ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

# အသုံးချအဘိဓမ္မာသင်တန်း အင်္ဂလိပ်ဘာသာဖြင့် ပို့ချမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီးသည် အဘိဓမ္မာတရားတော်များအား ပြည်တွင်းတွင် သာမက ပြည်ပသို့ပါ ပြန့်ပွားရန် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အစီအစဉ်တစ်ခုအနေဖြင့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တ ဒေါက်တာ နန္ဒမာလာဘိဝံသက ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ ဧပြီ ၁ ရက်အထိ တနင်္ဂနွေနေ့တိုင်း ညနေ၃ နာရီတွင် အသုံးချ အဘိဓမ္မာသင်တန်းကို အင်္ဂလိပ်ဘာသာဖြင့် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ ရတနာဃရ ဓမ္မဗိမာန် ၄၉/၅၁ (ဗဟန်း လမ်းမကြီး ဗဟန်း ၃ လမ်း မှတ်တိုင်အနီး) တွင် သင်ကြား ပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**(က–ပ)**

❒ ကျောဖုံးမှ

နှင့် ကျောင်းအုပ်ကြီးများ၊ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ရန်နိုင်ဦးနှင့် ကော်မတီဝင်များ၊ နေပြည်တော်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ စက်မှုဇုန်အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ နေပြည်တော် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များ တက်ရောက်ကြသည်။

## ဖွင့်လှစ်ပေး

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ကျောင်းရှေ့ ဥပစာ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်ရဲမှူးချုပ်ဇော်ဝင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

## ကြည့်ရှုအားပေး

ယင်းနောက် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ နာယက တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများသည် ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ပြိုင်ပွဲ၌ ပြသထားသည့် တော်ဝင်ဦးကုမ္ပဏီ၊ UCM မော်တော်ယာဉ်ထုတ်လုပ်ရေး၊ MG Super Light Truck၊ နေလ မော်တော်ယာဉ်ထုတ်လုပ်ရေး၊ T & T မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ရန်ကုန်ဂျစ် မော်တော်ယာဉ်ထုတ်လုပ်ရေး၊ Manstar Group၊ SM Super Man၊ KM မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် Nine Star၊ AMA မော်တော်ယာဉ် ထုတ်လုပ်ရေးတို့က ထုတ်လုပ်ထားသော မော်တော်ယာဉ်များကို လည်းကောင်း၊ မန္တလေးစက်မှုဇုန်က ထုတ်လုပ်သော မန်းစတား MTO၊ TS၊ TM၊ Light Truck ကားများနှင့် KTS၊ Nine Star K:M၊ Top၊ စူပါ မန္တလာ၊ စူပါရာပြည့်၊ AMS New Wave နှင့် Win Star Jeep များနှင့် တော်ဝင်ဦး Bus များကို လည်းကောင်း၊ လှိုင်သာယာ ရွှေလင်ပန်း စက်မှုဇုန်က ထုတ်လုပ်သော ပန်းလှိုင် Light Truck များကိုလည်းကောင်း၊ ခြံစည်းရိုး ကြက်ဆူဆီဖြင့် တိုက်ရိုက်မောင်းနှင်နိုင်သည့် လယ်ယာသုံးစက်ကိရိယာများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော် များသည် မြန်မာနိုင်ငံယာဉ်ထိန်းရဲတပ်ဖွဲ့ပြခန်း၊ Fisca Co. ပြခန်း၊ ပညာရေးဝန်ကြီးဌာန ပြခန်းများ အပါအဝင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို ကျောင်းစဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ နေပြည်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြပွဲပြိုင်ပွဲ ဆုချီးမြှင့်ပွဲ နောက်ခံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။



**နေပြည်တော် ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်းများကို ကျောင်းသားကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)

## အမှာစကားပြော

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ပထဝီအနေအထားအရ မိမိတို့၏နေပြည်တော် ဒေသသည် ရန်ကုန်၊ မန္တလေးစသည့် မြို့ကြီးနှစ်မြို့ကို ဆက်သွယ်ထားသည့် အဓိက ဆက်သွယ်ရေးရထားလမ်းနှင့် ကားလမ်းကြောင်းပေါ်၌တည်ရှိပြီး အကွာအဝေးအားဖြင့်လည်း ရန်ကုန်နှင့် မန္တလေး မြို့ကြီးနှစ်မြို့၏ အလယ်တွင် တည်ရှိနေကြောင်း။

## ယာဉ်မတော်တဆဖြစ်ပွားမှုများ

နေပြည်တော်မှာ ယာဉ်စီးရေ တိုးတက်များပြားလာသဖြင့် လူဦးရေနှင့် ယာဉ်စီးရေများပြားလာခြင်းနှင့် အတူ ယာဉ်မတော်တဆဖြစ်ပွားမှုများ၊ ယာဉ်မတော်တဆ ဖြစ်ခြင်းကြောင့် ဒဏ်ရာရရှိမှု၊ သေဆုံးမှု အရေအတွက်များသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်ကို လေ့လာတွေ့ရှိရကြောင်း။

## ဆုံးရှုံးနစ်နာမှုဖယ်ရှား

ထို့ကြောင့် တန်ဖိုးပမာဏကြီးမားသည့် ဆုံးရှုံးနစ်နာမှုများကို တွန်းလှန်ဖယ်ရှား၊ ဟန့်တားနိုင်ရန်အတွက် မိမိတို့အားလုံးနှင့် ပြည်သူလူထုအများသည် ဝိုင်းဝန်းကြိုးပမ်းလုပ်ဆောင်သွားကြရန် အမှန်ပင်လိုအပ်နေကြပြီဖြစ်ကြောင်း၊ ထို့ကြောင့် အလားတူဆုံးရှုံးနစ်နာမှုများလျော့နည်းပျောက်ကွယ်သွားရေးနှင့် တစ်နေ့ထက် တစ်နေ့ ပိုမိုသာယာစည်ကားလာသည့် နယ်မြေဒေသကို ယာဉ်မတော်တဆဖြစ်မှု အန္တရာယ်များမှ ကျော်လွှန်နိုင်ရေးအတွက် ကနဦးခြေလှမ်းအဖြစ် ယနေ့ကျင်းပသည့် ပထမအကြိမ် နေပြည်တော်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ တစ်ရပ်ကို ဖွင့်လှစ်ပြသရခြင်းပင် ဖြစ်ကြောင်း။

## ပူးပေါင်းဆောင်ရွက်

ယာဉ်မတော်တဆ ဖြစ်ရပ်များ လျော့နည်းကျဆင်းရေးနှင့် ယာဉ်အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် တာဝန်ရှိသူများ၏ စီမံခန့်ခွဲမှု၊ စွမ်းဆောင်မှုအခန်းကဏ္ဍများနှင့်သာ မလုံလောက်ဘဲ ပြည်သူတစ်ရပ်လုံးက စိတ်ပါဝင်စားစွာ လိုက်ပါ ကျင့်သုံးခံယူတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ပြည်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်သည့်နေရာတွင် 3 "E" System ဆိုသည့် 'Education' လမ်းအသုံးပြုသူအားလုံးကို အသိပညာပေးခြင်း၊ 'Engineering' ယာဉ်ပိုင်းဆိုင်ရာ လမ်းပိုင်းဆိုင်ရာများနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ယာဉ်ထိန်း အမှတ်အသား၊ လမ်းညွှန်မှုအားလုံးကို စက်မှုအတတ်ပညာများဖြင့် တိုးတက်တပ်ဆင်ပြီး ထိန်းချုပ်ခြင်း၊ 'Enforcement' သည် မလိုက်နာ၍မဖြစ် လိုက်နာစေရန် ဥပဒေပိုင်းဆိုင်ရာဖြင့် ထိန်းချုပ်ဆောင်ရွက်သည့်နည်းတို့ပင်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ နေပြည်တော်ဒေသတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆ ဖြစ်စဉ်များ လျော့နည်းကျဆင်းရေးအတွက် 3 "E" System ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

## ဦးတည်ချက်ဖော်ဆောင်

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၏ ဦးတည်ချက်များကိုဖော်ဆောင်နိုင်ရေးအတွက် ယင်းပြပွဲကြီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ပြခန်း၊ ပြကွက်များ၊ လက်ကမ်းစာစောင်များ၊ စာအုပ်များ၊ ဉာဏ်စမ်းပဟေဠိမေးဖြေကဏ္ဍများ၊ သရုပ်ပြ သရုပ်ဆောင်မေးဖြေကဏ္ဍများ၊ တစ်ခန်းရပ်ပြဇာတ်၊ တစ်ခန်းရပ် ပညာပေးအငြိမ့်များ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းဆင့် စာစီစာကုံးပြိုင်ပွဲများ၊ ဌာနအလိုက်ပြခန်း ပြိုင်ပွဲများနှင့် ခင်းကျင်းပြသရန် စီမံဆောင်ရွက်ထားသကဲ့သို့ တစ်ဖက်ကလည်း ပျော်ရွှင်ဖွယ်ရာ ကြည့် ချင်ဖွယ်ရာ ဖျော်ဖြေမှုများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အထောက်အကူပြု အရောင်းပြခန်းများကို ပြည့်စုံအောင် စီမံပြင်ဆင်ထားပြီး ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် ခန်းမအတွင်းရှိ ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးပြပွဲ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌက တက်ရောက်လာကြသော တိုင်းမှူးနှင့် ဝန်ကြီးများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

## ပေးအပ်လှူဒါန်း

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဦးလှဝေ (တယ်လီဖုန်း ဆက်စပ်ပစ္စည်းလုပ်ငန်း)က ငွေကျပ် ငါးသိန်း၊ ထူး(၃)က ငွေကျပ် သုံးသိန်း၊ UPG Co.က ငွေကျပ် နှစ်သိန်း၊ Fisca Co.က ငွေကျပ်တစ်သိန်းအပါအဝင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၁၇၆၅၅၀၀၀ ကိုပေးအပ်ကြရာ တိုင်းမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

## ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြရာ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင်ပထမဆုရ မမေဖူးကျော်၊ ဒုတိယဆုရ မချိုသဥ္ဇာဖူး၊ တတိယဆုရ မဘရဏီဖြူစင်ထွန်း၊ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မောင်စည်သူ၊ ဒုတိယဆုရ မခင်ဥမ္မာလှိုင်၊ တတိယဆုရ မနှင်းသဇင်စိုး၊ အခြေခံပညာမူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မဖြိုးယုယသင်း၊ ဒုတိယဆုရ မမျိုးမျိုးကျော်၊ တတိယဆုရ မရွှေရည်ဝင်းတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အကောင်းဆုံးပြခန်း ပထမဆုရ နေပြည်တော်စည်ပင်သာယာရေး ကော်မတီပြခန်း၊ ဒုတိယဆုရ ပညာရေးဌာနပြခန်း၊ တတိယဆုရ ပို့ဆောင်ရေးဦးစီးဌာန ပြခန်းတို့ကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေပြည်တော်၌ ကျင်းပသည့် ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး ပြပွဲ၊ ပြိုင်ပွဲကို ယနေ့မှ ဒီဇင်ဘာ ၃၁ရက် အထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆိုလာရောက် ကြည့်ရှုနိုင်ကြောင်းနှင့် ပြပွဲရက်များတွင် ယဉ်ကျေးမှုအဖွဲ့များ၊ မော်ဒယ်အဖွဲ့များ၊ အငြိမ့်များ၊ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများ၊ အမေးအဖြေကဏ္ဍ ပြိုင်ပွဲများ ကျင်းပသွားမည် ဖြစ်သည့်အပြင်ပြပွဲလာပြည်သူများ အလွယ်တကူ ကြည့်ရှုနိုင်ရန် ဌာနဆိုင်ရာ ပြခန်းပေါင်း ၂၅ခန်းနှင့် အရောင်းပြခန်းပေါင်း ၅၅ခန်းတို့ကို ဖွင့်လှစ်ထားလျက် ရှိကြောင်းသိရသည်။

**(သတင်းစဉ်)**



**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်စဉ်။**

(သတင်းစဉ်)

# ပထမအကြိမ် နေပြည်တော်မာရသွန်အပြေးပြိုင်ပွဲများကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၇**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၄ရက်(လွတ်လပ်ရေးနေ့)တွင် ပထမအကြိမ် နေပြည်တော် မာရသွန်အပြေးပြိုင်ပွဲများကို အားကစားဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပပေးမည် ဖြစ်သည်။

မာရသွန်အပြေးပြိုင်ပွဲကို အလွတ်တန်းနှင့် လူသစ်တန်း နှစ်မျိုးခွဲခြားကျင်းပမည်ဖြစ်ပြီး မြို့မဈေးမှ နံနက် ၅နာရီတွင် စတင်တာလွှတ်၍ ပြေးလမ်းကြောင်းမှာ သပြေကုန်းအဝိုင်းပတ်မှ ဝန်ကြီးဌာနရုံး လမ်းမကြီးများအတိုင်း ကြာပန်းအဝိုင်းကတစ်ဆင့် ရွာတော်ဘူတာရှေ့မှ ပြန်လှည့်ပြီး လာလမ်းအတိုင်း မြို့မဈေးသို့ ပန်းဝင်မည်ဖြစ်သည်။

## ယှဉ်ပြိုင်နိုင်

ပထမအကြိမ် နေပြည်တော် မာရသွန်ပြိုင်ပွဲ (အမျိုးသား၊ အမျိုးသမီး) အလွတ်တန်းပြိုင်ပွဲတွင် ပထမဆု ငွေကျပ်လေးသိန်း၊ ဒုတိယဆု ငွေကျပ်နှစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ် တစ်သိန်းငါးသောင်းနှင့် ဒသမအဆင့်အထိ ပန်းဝင်သူများအား ဆုကြေးများချီးမြှင့်ပေးသွားမည်ဖြစ်ပြီး အမျိုးသားလူသစ်တန်းပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ်ကိုးသောင်းငါးထောင်၊ စတုတ္ထဆု ငွေကျပ်ရှစ်သောင်း၊ ပဉ္စမဆု ငွေကျပ်ခြောက်သောင်းငါးထောင်၊ ဆဋ္ဌမဆု ငွေကျပ် ငါးသောင်း၊ သတ္တမဆု ငွေကျပ် သုံးသောင်းငါးထောင်၊ အဋ္ဌမဆု ငွေကျပ်နှစ်သောင်းငါးထောင်၊ နဝမဆု ငွေကျပ်တစ်သောင်းငါးထောင်၊ ဒသမဆု ငွေကျပ်တစ်သောင်း ချီးမြှင့်မည်ဖြစ်ရာ နေပြည်တော်ရှိ ဝန်ထမ်းများနှင့် ဝန်ထမ်း မိသားစုများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေး မြို့တော်ဝန်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နှစ်ပတ်လည် အထိမ်းအမှတ် သတ္တမအကြိမ် မြို့တော်ဝန်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ၃၀ရက်နှင့် ၃၁ရက်တို့တွင် မန္တလေးမြို့ ရေတံခွန်တောင် ဂေါက်ကွင်း၌ ကျင်းပသွားမည် ဖြစ်သည်။

## စီစဉ်ထား

ပြိုင်ပွဲကို ပညာရှင်အဆင့်နှင့်အပျော်တမ်းအဆင့်ဟူ၍ နှစ်မျိုး ခွဲခြားပြုလုပ်သွားမည်ဖြစ်ပြီး ယခုအကြိမ်တွင်လည်း ယခင်နှစ်များနည်းတူ အမျိုးသမီး ဂေါက်သီးရိုက်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်နိုင်ရန် စီစဉ်ထားသည်။

## ကြိုတင်စာရင်းပေးသွင်း

ပါဝင်ယှဉ်ပြိုင်လိုသူများသည် ဌာနမှူး ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၉-၂၀၀၆၅၈၁၊ ၀၂-၆၄၇၅၃နှင့် ရေတံခွန်တောင်ဂေါက်ကွင်း ဖုန်း ၀၂-၈၈၇၃၀ တို့သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

ပြိုင်ပွဲဆုကြေးအဖြစ် ပညာရှင်အဆင့်ပြိုင်ပွဲတွင် ပထမဆုငွေကျပ်၁၀သိန်းနှင့် ကျန်ဆုများကိုလည်း ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

**မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက် အားကစားသမားများ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်ပြီး မြန်မာဂေါက်ကလပ်ကကျင်းပသော ပဉ္စမအကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာဂေါက်ကလပ် ကိုးမိုင် ဂေါက်ကွင်း၌ ကျင်းပသည်။**

## ပေးအပ်ချီးမြှင့်

ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲ အပြီး၌ ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးရိုက် အဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက အမျိုးသားအသက်(၁၀–၁၂)နှစ် အတန်းပြိုင်ပွဲတွင် နှစ်ရက်စလုံး ပြီးစီးအောင် ကြိုးစား၍ အကောင်းဆုံးရိုက်သွားနိုင်သော အထူးဖွဲ့ဆုရရှိသည့် မျိုးဆက်သစ်လူငယ် ဘုန်းပြည့်ချမ်းဟန်အားဖွဲ့ဆု ချီးမြှင့်ပြီး အမျိုးသမီး(၁၀–၁၈)နှစ် အတန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၈၃ချက်ဖြင့် ပထမရရှိသော LI HYUN JIN၊ စုစုပေါင်းအချက် ၁၉၀ဖြင့် ဒုတိယရရှိသော မေဦးခိုင်၊ ချက်ဖြင့် တတိယရရှိသော ခွန်ကျော် မြတ်သာတို့အားလည်းကောင်း၊ မြန်မာဂေါက်ကလပ်အမှုဆောင် ဦးသက်တင်က အမျိုးသား(၁၃–၁၅)နှစ် အတန်းပြိုင်ပွဲတွင် စုစုပေါင်း၁၅၆ချက်ဖြင့် ပထမရရှိသော ကောင်းထူးအောင်၊ စုစုပေါင်း ၁၆၀ချက်ဖြင့် ဒုတိယရရှိသော စွမ်းသီဟအောင်နှင့် စုစုပေါင်း ၁၆၉ချက်ဖြင့် တတိယရရှိသော ရဲထက်အောင်တို့အား ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အမျိုးသား (၁၆–၂၀)နှစ် အတန်းပြိုင်ပွဲတွင် စုစုပေါင်း ၁၄၄ ချက်ဖြင့် ပထမရရှိသော ရန်မျိုးအေး၊ စုစုပေါင်း၁၅၂ချက်ဖြင့် ဒုတိယရရှိသော ထွန်းထွန်းနှင့် စုစုပေါင်း ၁၅၃ချက်ဖြင့် တတိယရရှိသော နေဗလဝင်းမြင့်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။



**၂၀၀၆ခုနှစ် ပဉ္စမအကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်ပွဲရမျိုးဆက်သစ်လူငယ်များကို မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည် အမှုဆောင်များနှင့်အတူတွေ့ရစဉ်။**
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

စုစုပေါင်း ၂၀၁ချက်ဖြင့် တတိယရရှိသော ရင်မေမျိုးတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာဂေါက်ကလပ် တွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်မိုးက အမျိုးသား(၁၀–၁၂)နှစ် အတန်းပြိုင်ပွဲတွင် စုစုပေါင်း ၁၈၃ချက်ဖြင့် ပထမရရှိသော ဖွဲလင်းငွေ၊ စုစုပေါင်း ၁၈၄ချက်ဖြင့် ဒုတိယ ရရှိသော အောင်ကျော်လင်းနှင့် စုစုပေါင်း ၁၈၇

## ထပ်မံကူညီ

ပဉ္စမအကြိမ်မြောက် ပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသော မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက် အားကစားသမားများတက်တက်ကြွကြွ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အားကစားစိတ်ဓာတ်ကြွခိုင်ဖွံ့ဖြိုး မြင့်မားရေးတို့အတွက် Han Golf Masters Pte., Ltd. က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များ ဖြစ်ကြသော Srixon၊ Han Event Management၊ Han Golf Masters Academy၊ Alpine Drinking Water၊ Myanmar Golf Club Driving Range၊ Han Golf Course Design and Construction နှင့် Golf Masters Magazine တို့ကလည်း ထပ်မံ၍ ပါဝင်ကူညီပေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ အမ်းမြို့လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။**
(ပို့ဆောင်ရေး)

## ● ကျောက်ဖြူမှ

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ယင်းနေ့တွင် အမ်းမြို့လေဆိပ်၌ အမ်းမြို့လေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်း အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး အမ်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကြကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ပေးကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် မာန်အောင်မြို့သို့ ရောက်ရှိကြပြီး မာန်အောင်မြို့ပေါ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်၊ မြို့မကျောင်းကြီးနှင့် မဟာဓမ္မိကာရုံကျောင်းတို့မှ ဆရာတော်၊ သံဃာတော်တို့အား သွားရောက်ဖူးမြော် ကြည်ညို ကန်တော့ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့်အလှူငွေများကို တိုင်းမှူးနှင့်ဇနီးတို့က ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

## အမှာစကားပြောကြား

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်ကြ၍ မြို့နယ်အသင်းအလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများနှင့် တွေ့ဆုံကြရာ မြို့နယ်အသင်းအတွင်းရေးမှူး ဦးမောင်မောင်မြင့်က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်း တင်ပြပြီး ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အသင်းအလုပ်အမှုဆောင်နှင့် ကျေးရွာစည်းရုံးရေးမှူးများက မိမိတို့ဒေသ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြကြရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အသင်း၏ လုပ်ငန်းစဉ်များ၊ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသင်းမှ ပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားပြီး ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံး ရေဖူလုံရေးကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သံအမတ်ကြီးဦးတင်ဦး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဦးသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၆ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် အစ္စလာမ်မာဘတ်မြို့၌ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံသမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်ဖ်မူရှာရက်ဖ်ထံ ပေးအပ်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို ယနေ့ ညနေ၃နာရီခွဲက ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပသည်။

## အနိုင်ရရှိ

ဒုတိယအကြို ဗိုလ်လုပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော်(လေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော်(လေ)အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိန္တာမုနိစေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ပဲခူးတိုင်း(အနောက်ခြမ်း) အုတ်ဖိုကျွန်းကုန်း မိုးကုတ်ဝိပဿနာ အမြဲတမ်းရာသက်ပန်ရိပ်သာ စိန္တာမုနိစေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ပြာသိုလပြည့်နေ့တွင်ကျင်းပပြီး ခုနစ်ရက်တရားစခန်းပွဲကို ပြာသိုလပြည့်နေ့မှ လပြည့်ကျော် ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(က–ပ)**

# နိဗ္ဗာန်ရောက်ကြောင်း တရားချီးမြှင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်းဦးစီးပဓာနနာယက မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာ ဆရာတော်သည် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂ရက်ညတွင် သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် သံသုမာလမ်းနှင့် ကမာကြည်လမ်းထောင့် တရားမဏ္ဍပ်၊ ၃ရက်ညတွင် သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် တပင်ရွှေထီးလမ်း၊ ၄၊၅၊၆ရက်ညများတွင် အင်းစိန်မြို့နယ် အင်းစိန်မြို့သစ် က/၆လမ်း၊ ၇ ရက်ညတွင် သာကေတမြို့နယ် ၃ရပ်ကွက် မာန်ပြေလမ်းမကြီး မာရဝိဇယဓမ္မာရုံ၊ ၉ရက်ညတွင် တာမွေမြို့နယ် ပုသိမ်ညွန့် စံပြရပ်ကွက် မြို့ပတ်လမ်း သာသနာ့ဝေယျာဝစ္စဓမ္မာရုံ၊ ၁၁ရက်ညတွင် ကျောက်တန်းမြို့ မြို့မဈေးရှင်ဥပဂုတ္တရဟန္တာပူဇော်ပွဲ၊ ၁၂ရက်ညတွင် လှည်းကူးမြို့ ရန်ကင်း၁လမ်း၊ ၁၃ရက်ညတွင် ခရမ်းမြို့၊ ၁၄ရက်ညတွင် ကျောက်တန်းမြို့နယ်(ကရပ်) သီတာမြိုင်ရပ်ကွက်၊ ၁၅၊ ၁၆ရက်ညများတွင် ဗဟန်းမြို့နယ် ဗိုလ်ချို ၁ရပ်ကွက် ဗိုလ်ချိုလမ်း၊ ၁၈ရက်ညတွင် စမ်းချောင်းမြို့နယ် ဟုမ်းလမ်းရပ်ကွက် ပန်းလှိုင်အရဏ်တော်ဝတ်အသင်းဓမ္မာရုံတို့တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

**(က–ပ)**

# ပြည်ထောင်စုတစ်ဝန်း အအေးပို

၂၇–၁၂–၂၀၀၆

| | | |
|---|---|---|
| နေပြည်တော် | ၁၂ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၀ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၄ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်၊ အမ်း | ၆ | ဒီဂရီစင်တီဂရိတ် |
| ကသာ၊ မင်းတပ် | ၇ | ဒီဂရီစင်တီဂရိတ် |
| မြစ်ကြီးနား | ၉ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၁၀ | ဒီဂရီစင်တီဂရိတ် |
| ဟုမ္မလင်း | ၁၁ | ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၁၂ | ဒီဂရီစင်တီဂရိတ် |
| ပခုက္ကူ၊ မိတ္ထီလာ | ၁၃ | ဒီဂရီစင်တီဂရိတ် |
| ဟသ်ာတ | ၁၄ | ဒီဂရီစင်တီဂရိတ် |
| ရန်ကုန်(ကမ္ဘာအေး) | ၁၅ | ဒီဂရီစင်တီဂရိတ် |

(မြန်မာ့အလင်း)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈–၁၂–၂၀၀၆

**(ကြာသပတေးနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ချည်ထားမှန်းသိရင် ဖြေလိုက်ပါ (အရှင်ဆေးကိန္ဒ) |
| ၈:၀၅ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၈:၁၅ | တေးဂီတအစီအစဉ် |
| ၈:၂၀ | ကန်တော်ကြီးမှာ စည်စည်ကားကား စိန်ရတုပွဲတော် အခမ်းအနား |
| ၈:၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၄၅ | ခေမာနိဗ္ဗူတောင်းဆုယူ ပူဇော်လှူဒါန်းရွှေသင်္ကန်း |
| ၉:၀၅ | တေးဂီတအစီအစဉ် |
| ၉:၁၀ | MRTV-4ကျန်းမာရေးကဏ္ဍ ဒေါက်တာဦးစိုးလွင် (သားဖွားမီးယပ်အထူးကု)နှင့် တွေ့ဆုံခြင်း အပိုင်း(၁) |
| ၉:၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၀၀ | အသွင်သစ်ကွန်ကရစ် တည်ဆောက်မှုရင်းမြစ် |
| ၁၀:၁၅ | တေးဂီတအစီအစဉ် |
| ၁၀:၂၀ | သစ်ခွ |
| ၁၀:၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၄၀ | ပြည်တွင်းအနုပညာရေးရာ |
| ၁၁:၁၀ | တေးဂီတအစီအစဉ် |
| ၁၁:၁၅ | **ကောင်းခြင်းဝေဖြာ** (ထွန်းထွန်းနိုင်၊ ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး) ဒါရိုက်တာ–ကိုအောင်မိုး(ပဲရစ်) |
| ၁၁:၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၄၀ | ဂျစ်ဆိုမှဂျစ် |
| ၁၁:၄၅ | တေးဂီတအစီအစဉ် |
| ၁၁:၅၀ | သွားမယ်၊စားမယ် (White Rice) |
| ၁၂:၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၁၅ | စားချင်စဖွယ် ဒေသထုတ်ဇလွန်ချင်းသုပ် |
| ၁၂:၂၀ | တေးဂီတအစီအစဉ် |
| ၁၂:၂၅ | အထူးအမှန်ကောင်းမည့် ရေလှောင်တမံ"ဖြူးချောင်း" |
| ၁၂:၄၀ | တေးဂီတအစီအစဉ် |
| ၁၂:၄၅ | ကျန်းမာပေ့ါပါး ရေကူးအားကစား |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက်၇နာရီမှမွန်းလွဲ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ၁နာရီမှည၇နာရီအထိတစ်ကြိမ်၊ ည၇နာရီမှ နံနက်၁နာရီအထိတစ်ကြိမ်၊နံနက်၁နာရီမှ နံနက်၇နာရီထိတစ်ကြိမ် လေးကြိမ်ဆက်တိုက်၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန် မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

■ **ကျောဖုံးမှ**

ပကတိအတိုင်း မျက်မြင်တွေ့ရသကဲ့သို့ ခံစားရသည်။

ယခု ပန်းချီပန်းပုပြပွဲတွင် ပန်းပုရုပ်တုမှာ တစ်ခုတည်းသာ ပါရှိပြီး ပန်းချီကားမှာ ၉၆ကားပြသထားသည်။ ဆီဆေး၊ ရေဆေးနှင့် အခရိုင်းလစ်တို့ဖြင့် ရန်ကင်းမြို့နယ်မှ ပန်းချီဆရာ ၂၇ ဦးတို့က လက်စွမ်းပြရေးဆွဲထားကြခြင်းဖြစ်ရာ မြင်ကွင်းအမျိုးမျိုး၊ ရှုထောင့်အဖုံဖုံနှင့် အတွေးအခေါ်များ ပါဝင်သော အရည်အသွေးမြင့် ပန်းချီကားများပင်ဖြစ်သည်။

**လက်ရာကောင်း**

ပြခန်းအတွင်း ပန်းချီကားများမှ ပန်းချီဆရာအေးမြင့် (TTC) ၏ **“ကချေသည်”**အမည်ရှိ ပန်းချီကားကို လေ့လာမိသည်။ ကချေသည်တစ်ဦး စိတ်လက်ကိုယ်ပါ ကပြချိန်တွင် ပဝါ၊ ဆံပင်၊ ခေါင်း၊ ခါး၊ ခြေ၊ လက်တို့၏ လွတ်လပ်စွာလှုပ်ရှားနေမှုကို လျှပ်တစ်ပြက် အချိန်အတွင်း အမိအရ ဖမ်းယူ ရေးဆွဲထားခြင်းဖြစ်သည်။ အဝါဖျော့ဖျော့၊ အစိမ်းရင့်ရင့်နှင့် အပြာရောင်တို့ကို စနစ်တကျအသုံးပြုထားမှုမှာ ကချေသည်ကို ထင်းခနဲ ပေါ်လွင်လာစေသည်။ ပန်းချီရေးသက်နှစ်ပေါင်း ၄၀ ရှိပြီဖြစ်သော ရန်ကင်းဆရာ အတတ်သင်မှ အငြိမ်းစား ကထိကတစ်ဦး၏ လက်ရာကောင်း ပန်းချီပင်ဖြစ်သည်။

အာရုံကိုဖမ်းစားလိုက်သည့် ဒုတိယ ပန်းချီကားမှာ တင်မောင်ဝင်း၏ **“ရွာလှေဆိပ်”**ဟုအမည်ပေးထားသောပန်းချီကားပင်ဖြစ်သည်။ ပဲခူးတိုင်းအတွင်း ကျေးလက်တစ်ခု၏ လှေဆိပ်ကို အနီးကပ် မြင်ကွင်းအဖြစ် ခြယ်မှုန်းပြသထားခြင်းဖြစ်ရာ လှေ၊ ရေ၊ လူများနှင့် ကမ်းစပ်တို့ အနားသတ် ယူထားမှုမှာ အပိုအလိုမရှိ ကွက်တိပင် ဖြစ်သည်။ အပူနှင့် အအေးရောင်များကို ရောပြီး သုံးထားသည်မှာလည်း မျှတသဖြင့် ကျေးလက်ခရီးသွားတို့၏ သဘာဝအတိုင်း မြင်ကွင်းကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်ရသလို ခံစားရသည်။ နှစ် ၃၀ကျော်ကြာ ပန်းချီဆရာ တစ်ဦး၏ အဆင့်မြင့် လက်ရာပင်ဖြစ်သည်။



**ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ် ပန်းပုပါမောက္ခ ဦးမြင့်စံ၏ ပလတ်စတာဖြင့် ပြုလုပ်ထားသော “ဘုရင်အနော်ရထာရုပ်တု”မှာလည်း ဤသို့ ခံ့ညားလွန်းလှသည်။**

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

**အမြင်ဆန်းသစ်**

တစ်ဖန် ပန်းချီဆရာကိုတင်ဦး၏ **“မျှော်လင့်ခြင်း”**ပန်းချီကားမှာလည်း တစ်မျိုးတစ်ဘာသာအဖြစ် မြင်တွေ့ရသည်။ ဈေးရောင်းသူ အမျိုးသမီးကြီးတစ်ဦး ဈေးသိမ်းအပြီး ယောကျ်ားလာအကြိုကို စောင့်မျှော်နေပုံဖြစ်သည်။ နောက်ကျောဘက်မှ အမြင်ဖြင့် ဆန်းသစ်သော စုတ်ချက်တို့ကို သုံးထားရာ အရောင်သုံးမှု ပိုင်နိုင်လွန်းသဖြင့် ကြည့်သူကို တွေးစရာအများကြီးပေးနိုင်လေသည်။ ဘဝရပ်တည်ရေး၊ ဘဝလုံခြုံမှုနှင့် ဘဝရှေ့ရေး မျှော်လင့်ချက်တို့ကို အမျိုးသမီးကြီး တွေးတောနေသလားဟု ခံစားမှုဖြစ်ပေါ်အောင် ဖော်ကျူးထားနိုင်လေသည်။ အဝါ ရင့် နောက်ခံသုံးကာ အညိုနှင့် အခြားအရောင်များကို လိုက်ဖက်ညီအောင် ခြယ်မှုန်းထားသဖြင့် ပန်းချီကားသည် အမြင်ရှင်းပြီး လိုရင်းကို ထိမိစွာ ဖော်ကျူးနိုင်သော ပန်းချီကားတစ်ချပ်ပင်ဖြစ်သည်။

နောက်ပန်းချီကား တစ်ချပ်မှာ ပန်းချီဆရာ ငြိမ်းချမ်းအောင်၏ **“ခံစားမှု(၂)”** ပန်းချီကားဖြစ်သည်။ ဆီဆေးဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး ကရင်ပြည်နယ် တောင်ခြေဒေသတစ်ခု၏ ကျေးလက်လယ်ကွင်းရှိ ရေတွင်းမှ ကရင်အမျိုးသား အမျိုးသမီးတို့ ရေခပ်နေကြပုံဖြစ်သည်။ လယ်ကွင်းကို အဝါလွှမ်းထားပြီး အဝေးမှ တောင်တန်းများကို အပြာရောင် ဖျော့ဖျော့သုံးထားသဖြင့် ကရင်မောင်မယ်နှစ်ဦး၏ ရုပ်ပုံမှာ ပေါ်လွင်လျက်ရှိသည်။ အလင်းအဝင်အထွက်ကို စုတ်ချက်နိုင်နိုင်ဖြင့် တင်ပြထားရာ ပကတိမြင်ကွင်းအား တွေ့မြင်ရသည့်နှယ် ရှိဘိသည်။

**အေးချမ်း**

ပန်းချီဆရာကျော်တင့်၏ **“ပဒေါင်မိခင်နှင့်သားငယ်”** အမည်ရှိ ပန်းချီကားမှာ ရေဆေးပန်းချီကားဖြစ်သည်။ ပဒေါင်တိုင်းရင်းသူ သားအမိနှစ်ဦး၏ ဂျပ်ခုတ်ရက်ကန်းရက်နေပုံဖြစ်သည်။ ကလေးကိုထိန်းရင်း ပဒေါင်တိုင်းရင်းသားတို့၏ မိရိုးဖလာ အလုပ်ဖြစ်သော ဂျပ်ခုတ်ရက်ကန်း ရက်နေပုံကို အစိမ်းရောင်၊ အဝါရောင်နှင့် အခြားလိုက် အရောင်များကို သုံးပြီး ရေးဆွဲထားခြင်းဖြစ်သည်။ အအေးရောင် အများစုကို အသုံးပြုထားသဖြင့် ပဒေါင်တိုင်းရင်းသူ သားအမိနှစ်ဦး၏ မြင်ကွင်းမှာ အေးအေးချမ်းချမ်းရှိလှသည်။ တိုင်းရင်းသားတို့၏ နေ့စဉ် လုပ်ငန်းတစ်စိတ်တစ်ဒေသကိုလည်း ဖွင့်လှစ်ပြလိုက်သလိုပင် တွေ့မြင်ရသည်။

ထို့ကြောင့် ရန်ကင်းမြို့နယ် ပန်းချီပန်းပုပြပွဲသည် လက်ရာစုံ၊ မြင်ကွင်းစုံ၊ စိတ်ကူးနှင့်အတွေးအခေါ် ပေါင်းစုံတို့ စိုစိုပြည်ပြည် ရှိလှသဖြင့် မြန်မာ့ပန်းချီ အနုပညာကို လေ့လာခံစားလိုသော ပန်းချီချစ်သူတို့ သွားရောက်လေ့လာ ခံစားသင့်ပါကြောင်း နှိုးဆော်သတင်းပါးရပါသည်။ ။

**(မြန်မာ့အလင်း)**



**ပန်းချီကျော်တင့်၏ “ပဒေါင်မိခင်နှင့် သားငယ်”အမည်ပေးထားသော ရေဆေးပန်းချီကား။**

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)



**ခံစားမှု**

**ပန်းချီ ငြိမ်းချမ်းအောင်၏ “ခံစားမှု(၂)” ပန်းချီကား၏ ဆွဲဆောင်အား။**

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)



**ပန်းချီ တင်မောင်ဝင်း၏ “ရွာလှေဆိပ်” အမည်ရှိ ပန်းချီကား။**

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

**“မျှော်လင့်ခြင်း”ဟု အမည်ပေးထားသော ပန်းချီတင်ဦး၏ ဆီဆေးပန်းချီကား၏ သက်ဝင်မှု။**

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)



# ဓမ္မာစရိယစာအောင်သံဃာ ဂုဏ်ပြုပူဇော်ပွဲဓမ္မသဘင်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရတနာလမ်းနှင့် စစ်တောင်းလမ်းထောင့် ဓမ္မာစရိယတက္ကသိုလ် အလိုတော်ပြည့်ကျောင်းတိုက်၌ ဒီဇင်ဘာ ၂၈ရက်တွင် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ(ရွှေရတုတိပိဋကဓရ ဆရာတော်)(ရွှေရတုတိပိဋကဓရ၊ တိပိဋကကောဝိဒ တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက၊ ပါဠိပါရဂူ)၊ ဒီဇင်ဘာ ၂၉ ရက်တွင် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) (တိပိဋကဓရ၊ တိပိဋကကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ)နှင့် ဒီဇင်ဘာ ၃၀ ရက်တွင် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ (သီတဂူဆရာတော်) (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) တို့က ညစဉ် ၇ နာရီမှ စတင်၍ တရားတော်များ ဟောကြားကြမည်ဖြစ်သည်။ **(က–ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၈–၁၂–၂၀၀၆ရက် (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၆။ ဝန်ဖိုက်ချောင်းတံတား
၈:၂၀ ၇။ အကပဒေသာ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရက္ခဗေဒအထူးပြု) [ရက္ခဗေဒ]
၁၇:၀၀ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၁၀ ၆။ သူ့လက်သံ
၁၇:၂၀ ၇။ **“ရောင်ပြန်ဟပ်ခြင်း”** မင်းအုပ်စိုး၊ ကုသိုလ် (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
၁၇:၂၅ ၈။ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၇:၃၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၇:၅၀ ၁၀။ မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်(၂၀၀၆) အောင်မြင်မှု(အပိုင်း–၂)
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ သီရိဂေဟာ
၁၉:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်ဆိုသည်မှာ”** (အပိုင်း–၈)
၁၉:၄၅ ၁၅။ အချုပ်အခြာအာဏာတွန့်ရှည်ကြာခိုင်မာစေမှု ဒို့ရေးရှု **“ယနေ့ ကျန်းမာရေး တိုးတက်ဖြစ်ထွန်းမှုများ”**
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ရေသူမလေး ပထမချစ်ပုံပြင်”** (အပိုင်း–၂၉)
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

## လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် ဒီဇင်ဘာ ၂၇**

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၀၃)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက် တရားစခန်းကို ၂၀၀၇ ဇန်နဝါရီ ၂ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၅၃၄၃၂၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# ကမ္ဘာတစ်လွှား အားကစား

## ပေါ်တူဂီနည်းပြ စကိုလာရီ ယူရို ၂၀၀၈ ပြိုင်ပွဲပြီးလျှင် နုတ်ထွက်မည်

ရေးသားတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဒီဇင်ဘာ ၂၇

**ပေါ်တူဂီနည်းပြစကိုလာရီသည် ယူရို ၂၀၀၈ ဘောလုံးပွဲပြီးလျှင် ပေါ်တူဂီနည်းပြအဖြစ်မှ နုတ်ထွက်မည် ဖြစ်ကြောင်း စကိုလာရီက ပြောကြားလိုက်သည်။**

၂၀၀၂ ခုနှစ်က ဘရာဇီးအသင်းကို ကမ္ဘာ့ဖလား ယူဆောင်ပေးခဲ့သော စကိုလာရီသည် အသက် (၅၈)နှစ် ရှိနေပြီဖြစ်သည်။ ၎င်းသည် ယခုနှစ် အစောပိုင်းကာလက အင်္ဂလန်နည်းပြ အဲရစ်ဆင်နေရာတွင် အစားထိုးတာဝန်ယူရန် ခေါ်ယူမှုကို ငြင်းဆိုခဲ့သူဖြစ်သည်။



ပေါ်တူဂီနည်းပြ စကိုလာရီ။

### ပို့ဆောင်

စကိုလာရီသည် ပေါ်တူဂီအသင်းကို ယူရို ၂၀၀၄ ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲသို့ ပို့ဆောင်ပေးခဲ့သူဖြစ်ပြီး ဗိုလ်လုပွဲ၌ ဂရိကို ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ထို့အတူ ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌လည်း ပေါ်တူဂီ အသင်းအား ဆီမီးဖိုင်နယ်သို့ ပို့ဆောင်ပေးခဲ့သူလည်း ဖြစ်သည်။

### ပြောင်းမည်

မိမိသည် ၂၀၀၈ခုနှစ် ကုန်လျှင် ပေါ်တူဂီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီး အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း၊ နောက်ထပ် ပြောင်းရွှေ့မည့်အသင်းမှာ ဥရောပအသင်း၊ သို့မဟုတ် ဘရာဇီးအသင်းဖြစ်နိုင်ကြောင်း စကိုလာရီက ပြောကြားသည်။

(အင်တာနက်)

## ချန်ပီယံချယ်လ်ဆီး ဖလားကာကွယ်နိုင်ရေး နည်းပြမော်ရင်ဟို စိုးရိမ်ပူပန်နေရပြီ

စုစည်းတင်ပြသူ - မြင့်မောင်စိုး

လန်ဒန် ဒီဇင်ဘာ ၂၇

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီနှင့် ဂိုးသမား ပီတာဆက်ချ်တို့ ပါဝင်ကစားနိုင်မှု မရှိသေး၍ ချယ်လ်ဆီးတို့ ဖလားကာကွယ်နိုင်ရေး စိုးရိမ်မိကြောင်း နည်းပြမော်ရင်ဟိုက ဖွင့်ဟပြောကြားလိုက်သည်။



ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။

### ပြိုင်ပွဲလွဲ

တယ်ရီသည် ကျောဒဏ်ရထားသဖြင့် အနည်းဆုံးပြိုင်ပွဲသုံးပွဲနှင့်လွဲ ဖွယ်ရှိပြီး ပီတာဆက်ချ်သည် ဦးခေါင်းခွဲစိတ်ခံထားရ၍ ပြိုင်ပွဲများနှင့် လွဲခဲ့ရသည်။

မိမိတို့သည် ဝီလျံဂါးလက်စ်နှင့် ရောဘတ်ဟွတ်တို့ကို နွေရာသီက ရောင်းချ၍ ယခုအခါမှာ ပြဿနာနှင့် ရင်ဆိုင်နေရကြောင်း မော်ရင်ဟိုက ပြောကြားသည်။

ချယ်လ်ဆီးအသင်းခေါင်းဆောင် တယ်ရီသည် အဲဗာတန်ကို သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်သည့်ပွဲနှင့် ရက်ဒင်းကို နှစ်ဂိုး-နှစ်ဂိုးသရေကျသည့် ပွဲတို့တွင် ပြိုင်ပွဲနှင့်လွဲခဲ့ပြီ ဖြစ်သည်။

၎င်းသည် ကားလင်းဖလားပြိုင်ပွဲတွင် နယူးကာဆယ်အသင်းကို အနိုင်ရခဲ့သည့်ပွဲတွင်လည်း အရန်ခုံတွင် ရှိနေခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ပွဲစဉ် ၂၀ကစားအပြီး မန်ယူထက် လေးမှတ်လျော့၍ အမီလိုက်နေရသည်။

(အင်တာနက်)

## ချာလ်တန်အသင်း တန်းဆင်းရန်မှ လွတ်ကင်းရေး နည်းပြသစ် အလန်ပါဂျူး ကြိုးစားမည်ဟုဆို

လန်ဒန် ဒီဇင်ဘာ ၂၇

အလန်ပါဂျူးသည် ချာလ်တန် နည်းပြအဖြစ် ရွေးချယ်ခန့်အပ်ခံရပြီးနောက် ချာလ်တန်အသင်းအား တန်းဆင်းဇုန်



ချာလ်တန်အသင်း နည်းပြသစ် အလန်ပါဂျူး။

အတွင်းမှ လွတ်မြောက်ရေးအတွက် ကြိုးစားသွားရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

ချာလ်တန်အသင်းအား အောက်ဆုံးသုံးသင်းမှ လွတ်မြောက်အောင် အရင်ကြိုးစားသွားမည်ဖြစ်ကြောင်း ပါဂျူးက အသင်း ဝက်ဘ်ဆိုက်သို့ ပြောကြားလိုက်သည်။

### အပြည့်အဝရှိ

မိမိတို့ ချာလ်တန်အသင်းသည် ကျန်ရှိနေသေးသည့် ပရီမီယာလိဂ် ပြိုင်ပွဲတစ်ဝက်ကို ပွဲတိုင်းအနိုင်ကစားသွားရန် အသင့်ပြင်ထားပြီဖြစ်ကြောင်း အားလုံးသော ကစားသမားများမှာလည်း တောင့်တင်းခိုင်မာမှု အပြည့်အဝရှိနေပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

### လွှဲပြောင်း

ပါဂျူးသည် ခရစ္စမတ်နေ့နှောင်းပိုင်းက ချာလ်တန်နည်းပြ လက်စ်ရိဒ်နှင့် နှစ်ဦးသဘောတူညီချက်အရ ချာလ်တန်အသင်းကို လွှဲပြောင်း တာဝန်ယူခဲ့သည်။ **(အင်တာနက်)**

## ချယ်လ်ဆီးအသင်းခေါင်းဆောင်တယ်ရီ၏ဒဏ်ရာ ခွဲစိတ်ရမည်

လန်ဒန် ဒီဇင်ဘာ ၂၇

**ချယ်လ်ဆီးအသင်း ခေါင်းဆောင် ဂျွန်တယ်ရီသည် ကျောဒဏ်ရာရရှိနေရာ ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ပြောကြားလိုက်သည်။ တယ်ရီ၏ ကျောဒဏ်ရာမှာ ခွဲစိတ်ကုသမှု ခံယူမှသာ ဖြစ်မည့် အနေအထားရှိနေသည်။**



ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီ။

တယ်ရီအနေဖြင့် ကျောဒဏ်ရာကြောင့် ပြီးခဲ့သည့် ဘောလုံးပွဲလေးပွဲ၌ ချယ်လ်ဆီးအသင်းတွင် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ချေ။ သို့သော် မကြာမီ ပြန်လည်ကစားနိုင်မည် ဖြစ်ကြောင်း သိရသည်။

### ပြောကြား

ဆေးစစ်ချက်များအရ တယ်ရီ၏ ကျောဒဏ်ရာမှာ ခွဲစိတ်ကုသမှသာ ပျောက်ကင်းမည်ဖြစ်ကြောင်း ဆေးဘက်ကျွမ်းကျင်သူများက ပြောကြားသည်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအနေဖြင့် တယ်ရီ၏ဒဏ်ရာ ကို အမြန်သက်သာ ပျောက်ကင်းစေ လိုလျက်ရှိသည်။

ယခုလောလောဆယ်အချိန်တွင် တယ်ရီ၏ ဒဏ်ရာသက်သာမှုအချိန်မှာ တိတိကျကျမပြောနိုင်ကြောင်း သီတင်းပတ်အနည်းငယ်ကြာမည်ဖြစ်ကြောင်း ပြောကြားသည်။

(အင်တာနက်)

## ဟန်ရီမီချယ် အီဂျစ်ကလပ်အသင်း နည်းပြလုပ်မည်



အီဂျစ်ကလပ် ဇာမာလက်စ် ဟန်ရီမီချယ်။

ပါရီ ဒီဇင်ဘာ ၂၇

ပြင်သစ်လူမျိုး ဟန်ရီမီချယ်သည် အီဂျစ်အသင်း ဇာမာလက်စ်၏ နည်းပြသစ်အဖြစ် ခြောက်လစာချုပ်ချုပ်ဆိုလုပ်ကိုင်မည်ဖြစ်ပြီး ရရှိမည့်ငွေကြေးမှာ အမေရိကန်ဒေါ်လာ ၁၈၀၀၀၀ ဖြစ်ကြောင်း သိရသည်။

### လုပ်ကိုင်

အသက် ၅၉နှစ်အရွယ်ရှိ ဟန်ရီမီချယ်သည် ယခင်က အိုင်ဗရီကို့စ်၊ ပြင်သစ်နှင့် မော်ရိုကိုနိုင်ငံ ဘောလုံးအသင်းနည်းပြများအဖြစ် လုပ်ကိုင်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။

ထိုသို့သော အတွေ့အကြုံများဖြင့် အီဂျစ်ကလပ်ဇာမာလက်စ်အား ပြည်တွင်းလိဂ်ပြိုင်ပွဲများ၌ အဆင့်မြင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါကလပ်မှ တာဝန်ရှိသူများက ပြောကြားသည်။

### ပို့ပေး

ဟန်ရီမီချယ်သည် အိုင်ဗရီကို့စ် အသင်းကို ပြီးခဲ့သည့် အာဖရိက ဖလားဘောလုံးပြိုင်ပွဲ၌ နောက်ဆုံးဗိုလ်လုပွဲသို့ ရောက်အောင် ပို့ပေးနိုင်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

## နယူးကာဆယ်အသင်း ခေါင်းဆောင် အသင်းပြောင်းရန် ကြိုးစားခဲ့၍ ရာထူးချခံရ

လန်ဒန် ဒီဇင်ဘာ ၂၇

နယူးကာဆယ် အသင်းခေါင်းဆောင် စကော့ပါကာသည် ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ရန် ဆက်သွယ်ခဲ့သည့်အတွက် နယူးကာဆယ်အသင်း မန်နေဂျာ ဂလင်းရိုဒါက အသင်းခေါင်းဆောင်အဖြစ်မှ ရာထူးလျှော့ချလိုက်ပြီး ၎င်းအားလည်း ရောင်းချလိမ့်မည်မဟုတ်ကြောင်းလည်း အခိုင်အမာ ပြောကြားလိုက်သည်။



နယူးကာဆယ်အသင်းခေါင်းဆောင် စကော့ပါကာ။
(ဓာတ်ပုံ-အင်တာနက်)

အသက်၂၆နှစ်ရှိ အဆိုပါ ကွင်းလယ်ကစားသမားသည် ဝက်စ်ဟမ်းအသင်းခေါင်းဆောင် ရီယိုကိုကာနှင့် အဆက်အသွယ်ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

ကွင်းလယ်ကစားသမား စကော့သည် နယူးကာဆယ်အသင်းကို အလန်ရှီးယား အနားယူသွားခဲ့ပြီးချိန်မှစ၍ အသင်းကို ဦးဆောင်ကစားခဲ့သူ ဖြစ်သည်။

စကော့ပါကာသည် မိမိတို့၏ နယူးကာဆယ်အသင်းကို အလန်ရှီးယားလို အောင်မြင်အောင် လုပ်ဆောင်နိုင်စွမ်းမရှိသည့်အပြင် ၎င်းကိုယ်တိုင်ပင် အခြားအသင်းကို ရောင်းချရန် ကြိုးစားနေသူဖြစ်ကြောင်း ဂလင်းရိုဒါက ပြောကြားလိုက်သည်။

(အင်တာနက်)

## စကော့တလန် ပရီမီယာလိဂ် ဆဲလ်တစ်အသင်း သရေပွဲကျ

ဆဲလ်တစ် ဒီဇင်ဘာ ၂၇

စကော့တလန် ပရီမီယာလိဂ် ပွဲစဉ်(၂၁)ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ ဆဲလ်တစ်က အိမ်ကွင်း၌ ဒန်ဒီယူနိုက်တက်အသင်းနှင့်ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

ဆဲလ်တစ်အသင်းသည် အိမ်ကွင်းကစားရသော်လည်း ဒန်ဒီယူနိုက်တက်အသင်းကို နောက်မှ နှစ်ဂိုးလိုက်သွင်းခဲ့ရသည်။ ဆဲလ်တစ်အသင်းသည် အိမ်ကွင်း၌ သရေပွဲမရှိ အောင်ပွဲခံနိုင်သော်လည်း ဒန်ဒီယူနိုက်က သရေဆွဲထားနိုင်ခဲ့သည်။ ဆဲလ်တစ်အသင်းသည် ၂၁ပွဲကစား၊ ၁၆ပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံးပြီး ရမှတ် ၅၂မှတ်ဖြင့် စကော့တလန်ပရီမီယာလိဂ်တွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

(အင်တာနက်)



## ကျောင်းကျန်းမာရေး အာဟာရကျွေးမွေး

**ကောလင်း ဒီဇင်ဘာ ၅**

ကောလင်းမြို့နယ် ကျောက်တန်းအုပ်စု မြင်ဒူးကျေးရွာအခြေခံပညာ မူလတန်းကျောင်းတွင် ကျောင်းကျန်းမာရေး အာဟာရကျွေးမွေးပွဲကို နိုဝင်ဘာ ၁၂ ရက်ကအဆိုပါကျောင်းတွင် ကျင်းပရာ ကျေးရွာ ဥက္ကဋ္ဌဦးသိန်းဖေ၊ ကျောင်းအုပ်ဆရာကြီး ဦးသီမင်းဦးနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြပြီး ကျောင်းသား ကျောင်းသူများအား အာဟာရ ကျွေးမွေးကြသည်။ **(ဝ၂၆)**



## ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်းသို့ အလှူငွေထောက်ပံ့လှူဒါန်းပွဲ အုတ်တွင်း၌ ကျင်းပ

**အုတ်တွင်း ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အုတ်တွင်းမြို့နယ် ချင်းကုန်း-ပုဏ္ဏားစုကျေးရွာ ပရဟိတဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်းအတွက် အလှူငွေ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ရက်က အုတ်တွင်းမြို့ သီရိရတနာခန်းမတွင် ကျင်းပသည်။

**ရွတ်ဖတ်**

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ ဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ဇနကထံမှ ငါးပါးသီလခံယူဆောက်တည်၍ ဆရာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်တော်မူကြသည်။

**လက်ခံယူ**

ဆက်လက်၍ အုတ်တွင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်က ချင်းကုန်းကျေးရွာ ပရဟိတဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်းအတွက် အလှူငွေကျပ် ခြောက်သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာတော်ကိုယ်စား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသိန်းအောင်က လက်ခံယူသည်။ **(အပေါ်ပုံ)**

ထို့နောက် လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။ **(၃၁၆)**

## ဘီးလင်းတွင် အလကနှင့် အမက ကျောင်းဆောင်သစ်များ ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ဘီးလင်း ဒီဇင်ဘာ ၂၂

**မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာအုပ်စုတွင် ငွေကျပ် ၅၀၂သိန်းခန့်ဖြင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်သော ဒေါက်ရပ် အလက ကျောင်းဆောင်သစ်နှင့် ရွှေရောင်ပြ အမက ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ရက် နံနက် ၉ နာရီက ဒေါက်ရပ် အလက ကျောင်းဆောင်သစ်၌ ကျင်းပရာ ရှေးဦးစွာ အလှူရှင် ဇတိ(ပအိုဝ်း)ခဲမောက် စင်ကာပူဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇဘဒ္ဒန္တ ဝံသ၊ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်နှင့် ဘီးလင်းမြို့နယ် ပညာရေးမှူး ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။** (အပေါ်ပုံ)

ထို့နောက် ဆရာတော်နှင့် သထုံခရိုင် ဥက္ကဋ္ဌတို့က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားများ ပြောကြားကြပြီး ဆရာတော်က ကျောင်းဆောင် နှစ်ဆောင်နှင့် ပတ်သက်သော စာရွက် စာတမ်းများကို ဘီးလင်းမြို့နယ် ပညာရေးမှူး ဦးမောင်မောင်သို့ လွှဲပြောင်း ပေးအပ်သည်။

**တက်ရောက်**

အခမ်းအနားသို့ ခရိုင်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ခရိုင်နှင့် မြို့နယ်တို့မှ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသူအသင်းသားများနှင့်ဆရာ ဆရာမများ၊ ရပ်ကွက် ကျေးရွာတို့မှ ပြည်သူများ တက်ရောက်ကြသည်။

**လှူဒါန်း**

အဆိုပါ ခဲမောက် စင်ကာပူ ဆရာတော်(ပအိုဝ်း)သည် စင်ကာပူနိုင်ငံတွင် ကျောင်းထိုင်၍ ၎င်းဇာတိ ဘီးလင်းမြို့နယ်တွင်မူလတန်းစာသင်ကျောင်း ကိုးကျောင်း၊ ငွေကျပ် သိန်း ၂၅၀ တန် အလက(၁)ကျောင်း၊ ငွေကျပ်သိန်း ၁၈၀၀ တန် ဘီးလင်းဒေါက်ရပ် တိုက်နယ်ဆေးရုံ တစ်ရုံ၊ ကျေးရွာရပ်ကွက် များတွင် သံကူကွန်ကရစ် တံတား လေးစင်း၊ သထုံမြို့ မဟာအောင်မြေ ရွှေဘုံကျောင်း ဓမ္မာရုံကို ငွေကျပ် သိန်း ၇၀၀ ခန့် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်း ခဲ့ကြောင်း သိရသည်။ **(က-ပ)**

**မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃ရက်က ဈေးတန်းရပ်ကွက် သဇင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းရန် ကျောက်များစုဆောင်းထားရှိမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုးတို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



## အေအိုင်ဒီအက်စ်ဝေဒနာရှင်နှင့် မိသားစုအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

**ရွှေဘို ဒီဇင်ဘာ ၂၀**

ရွှေဘိုခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရွှေဘိုမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ စုပေါင်း၍ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ဝေဒနာရှင်နှင့် မိသားစု ၁၁ ဦးတို့အား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ရက် မွန်းတည့်၁၂နာရီက ရွှေဘိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဦးက အမှာစကားပြောကြားပြီး အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ရောဂါဝေဒနာရှင်များအား ငွေနှင့်ထောက်ပံ့ပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၂၀၃၅၀၀ ကို ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**



**ပဲခူးတိုင်း (အနောက်ပိုင်း) အုတ်ဖိုမြို့နယ် စည်ပင် သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော မိုးညို တန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ၁၂ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည် ပင် သာယာရေး အဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။** (ဝ၇၄)



**မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးများတွင် ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန်အတွက် ဆိပ်ငယ်ဈေးကြီး သန့်ရှင်းရေး ဆောင်ရွက်မှုကို နိုဝင်ဘာ၂၆ရက်က ဦးစီးအရာရှိ ဦးကျော် ဦးစီး၍ ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်

**နွားထိုးကြီး ဒီဇင်ဘာ ၁**

နွားထိုးကြီးမြို့တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဦးဝင်းရွှေက အမှာစကားပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(၂၁၃)**

## ကတ္တရာထပ်ပိုးလွှာခင်း

**မြန်အောင်မြို့ အမှတ် (၃) ရပ်ကွက် ကျိတ္တန်းအနောက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ၂၁ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကြီးကြပ် ဆောင်ရွက်ပေးကြစဉ်။**

(မြို့နယ် စည်ပင်)



## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**ပြာသိုလဆန်း ၁၁ ရက်**
**၂၈-၁၂-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ပုဂံမှငွေသော်တာ Silver Moon ဟိုတယ်)
၁၁:၃၅ သုတကမ္ဘာအစီအစဉ်
၁၂:၀၀ ကျန်းမာရေးနှင့် ဆေးပညာ (မီးဖိုချောင် ကျန်းမာရေး)
၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ရွှေခေတ်ဆီသို့)

**ညနေပိုင်း**

၁၆:၁၀ ရာသီခါမီ တေးပန်းချီ
(၁) ဆောင်းဘုရင်မလေးနှင်း (စန္ဒရားချစ်ဆွေ)
(၂) ဟေမာန်နှင်းကြွေမှာတမ်းစေ (နီနီဝင်းရွှေ)
(၃) ဆောင်းပဏ္ဏာဦး (ကိုအောင်ဖုန်း)
၁၇:၃၀ အဘိုးအဘွားအလေးထားကဏ္ဍ [ဒုတိယဗိုလ်မှူးကြီး လှမိုး(ငြိမ်း) နိုင်ငံ့ဂုဏ်ရည်ပထမဆင့်]နှင့် ဆွေးနွေးခန်း
၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (သတိနဲ့ယှဉ် အသိနဲ့ပြင်)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (ခေတ်မီ နှလုံးကျန်းမာရေး စစ်ဆေးနည်းကိရိယာများ) (မောင်ဆုရှင်)
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အချစ်ဆိုတဲ့လိပ်ပြာတေလေ (မောင်မောင်လတ်)
(၂) ပင်မြက်ကလေး (ရီလေး)
(၃) ဆောင်းလွမ်းချင်း (လှမြင့်ဝင်း)

## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းသားများ စဉ့်ကူးမြို့ ရှင်မင်း စံပြစာကြည့်တိုက်သို့ ကွင်းဆင်းလေ့လာ

**စဉ့်ကူး ဒီဇင်ဘာ ၁၇**

စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး (၂/၂၀၀၆) သင်တန်းသား သင်တန်းသူများသည် ဒီဇင်ဘာ ၁၂ ရက် ညနေ ၃ နာရီက စဉ့်ကူးမြို့ ရှင်မင်း စံပြစာကြည့်တိုက်သို့ သွားရောက်ပြီး ရာစုအလိုက် စာအုပ်များ စနစ်တကျ မှတ်ပုံတင်ထားရှိမှု၊ ရေးဟောင်းစာပေနှင့် ပေပုရပိုက်များ ရှာဖွေစုဆောင်းထားရှိမှု၊ ကိုယ်ပိုင်နှင့် ရည်ညွှန်းစာအုပ်များ မှတ်ပုံတင် ရေးသွင်းထားရှိမှု စသည့် စာကြည့်တိုက်ပညာရပ်များကို ကွင်းဆင်းလေ့လာကြရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးဘိုဘိုဟန်နှင့် ရှင်မင်းစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်မြင့်တို့က စာကြည့်တိုက်အကြောင်းနှင့် စာကြည့်တိုက် ရေရှည်ခိုင်မာရေးတို့ကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများသည် ရှင်မင်းစံပြစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လူဦးရေနှင့် ယာဉ်စီးရေများပြားလာခြင်းနှင့်အတူ ယာဉ်မတော်တဆဖြစ်ပွားမှုများ ပိုမိုများပြားလာ တန်ဖိုးပမာဏကြီးမားသည့် ဆုံးရှုံးနစ်နာမှုများ တွန်းလှန်ဖယ်ရှားဟန့်တားနိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ပထမအကြိမ် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ဖွင့်လှစ်ပြသ

နေပြည်တော် ဒီဇင်ဘာ ၂၇

ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ယာဉ်မောင်းများနှင့် ခြေကျင်ခရီးသွားပြည်သူတစ်ရပ်လုံးက စနစ်တကျလိုက်နာရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရေး ဦးတည်ချက်များဖြင့် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီက ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တက်ရောက်၍ အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ တပ်မတော် အရာရှိများ၊ ဝန်ကြီးဌာနအသီးသီးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တက္ကသိုလ်ကောလိပ်များမှ ပါမောက္ခချုပ်များ

စာမျက်နှာ ၁၀ ကော်လံ ၁ ❐





## ဘက္ကရီးအီးဒ်နေ့ အလုပ်ပိတ်ရက်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၂၇

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သည် ၁၃၆၈ ခုနှစ် ပြာသိုလဆန်း ၁၄ရက်၊ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁ ရက် (တနင်္လာနေ့) သည် အီဒူလ်အဿဟာ (ဘက္ကရီးအီးဒ်)နေ့ ဖြစ်သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးပိတ်ရက်နှင့်လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ(၂၅)အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။**

(သတင်းစဉ်)

## စက်ခလုတ်နှိပ်ဖွင့်လှစ်

**နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနာယက နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲ၊ ဆုချီးမြှင့်ပွဲ နောက်ခံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

## ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရခိုင်ပြည်နယ်တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၃ ရက်က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိပြီး ကျောက်ဖြူလေဆိပ်ခန်းမ၌ ကျောက်ဖြူခရိုင်၊ မြို့နယ်အတွင်းရှိ ကျေးရွာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၄ ●



## လက်ရာစုံ၊ မြင်ကွင်းစုံတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည့် ရန်ကင်းမြို့နယ် ပန်းချီ၊ ပန်းပုပြပွဲသို့ လေ့လာရေးတစ်ခေါက်

**သတင်းမြင်ကွင်းခံစားမှု–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်းလက်ရာ–တင်စိုး(မြန်မာ့အလင်း)**

ရန်ကုန် ဒီဇင်ဘာ ၂၇

မြန်မာ့ရိုးရာပန်းချီပညာသည် နှစ်လိုဖွယ်ကောင်းသည်။ သိမ်မွေ့နက်နဲပြီး ရသမျိုးစုံ ပေးစွမ်းနိုင်သည်။ နှစ်ပေါင်းများစွာ အစွန့်ရှည်တည်တံ့ခဲ့သော မြန်မာ့အနုပညာလည်းဖြစ်သည်။ ထိုသို့ ခိုင်ခံ့တည်မြဲခဲ့သော ပန်းချီပညာကို ယနေ့ မြန်မာ့ပန်းချီဆရာများက တိုးတက်ဆန်းသစ်အောင် ကြိုးစားနေသည်မှာ အားရဖွယ်ကောင်းဖွယ်ဖြစ်သည်။

မြန်မာပန်းချီဆရာတို့၏ ကြိုးစားမှုတစ်ရပ်ကို ဖော်ကျူးပြသသည့် ပန်းချီပြပွဲတစ်ခုကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) ပန်းချီပြခန်း၌ ခင်းကျင်းပြသလျက်ရှိရာ မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်လေ့လာ စေ့ငုခံစားခဲ့ကြသည်။

**ရန်ကင်းမြို့နယ် ပန်းချီပြပွဲတွင်ပြသထားသော ပန်းချီဆရာ (TTC)၏'ကချေသည်' အမည်ရှိ ပန်းချီမှာ လွတ်လပ်စွာ လှုပ်ရှားနေမှုပေါ်လွင်အောင် ဤသို့ ရေးဆွဲခြယ်မှုန်းထားသည်။**

ဓာတ်ပုံမှတ်တမ်းလက်ရာ–တင်စိုး (မြန်မာ့အလင်း)

**လေးစားဖွယ်**

ရန်ကင်းမြို့နယ် ပန်းချီ၊ ပန်းပုပြပွဲဟု အမည်ပေးထားသော ပန်းချီပြပွဲကို ဒီဇင်ဘာ ၂၆ရက်မှ ဒီဇင်ဘာ ၃၁ရက်အထိ ခင်းကျင်းပြသလျက်ရှိရာ ပန်းချီခန်းမအတွင်း လှမ်းအဝင်မှာပင် လုံ့ရှည်တစ်ချောင်းကို မာန်ပါပါ ကိုင်ထားသော အနော်ရထာဘုရင်ရုပ်တုကြီးအား တွေ့လိုက်ရသည်။ ပလတ်စတာဖြင့် ပြုလုပ်ထားသော ဘုရင်အနော်ရထာ၏ရုပ်တုကား အမြင့် သုံးပေသာရှိသော်လည်း ခံ့ညားလွန်းလှသည်။ ရုပ်တုတစ်ခုလုံး ရွှေရောင် သုံးထားသည်ဖြစ်ရာ ဘုရင်အနော်ရထာ၏ ဥပမိရုပ် လေးစားဖွယ်ရာပင် ဖြစ်သည်။ ထိုရုပ်တုကို ရန်ကုန်ယဉ်ကျေးမှုတက္ကသိုလ် ပန်းပုပါမောက္ခဦးမြင့်စံက ထုဆစ်ထားခြင်းဖြစ်ရာ တစ်ချိန်က ဘုန်းမီးနေလတောက်ပခဲ့သော မြန်မာဘုရင်တစ်ဦး၏ ဟန်ပန်ကို

စာမျက်နှာ ၁၂ ကော်လံ ၁ ■